# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (6-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၅

ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးညိုစောနှင့် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သီးခြားဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊

စာမျက်နှာ ၁၆ ကော်လံ ၁

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ** စာမျက်နှာ - ၈

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ** စာမျက်နှာ - ၂၀

## လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်တို့တွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်တို့ရှိ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် အဆိုပါမြို့နယ်များရှိပြည်သူ့ဆေးရုံများယာယီပိတ်ထားခဲ့ရာမှအောက်တိုဘာ ၁ ရက်တွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံ၊ လေးမျက်နှာမြို့နယ်ပြည်သူ့ဆေးရုံ၊ ရေကြည်မြို့နယ် ငါးသိုင်းချောင်းတိုက်နယ်ဆေးရုံများ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်ခဲ့သောလေးမျက်နှာမြို့နယ် အမှတ်(၁)ရပ်ကွက်၌ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ရေဝင်နစ်မြုပ်ခဲ့သော ရေထွက်ပင်ရင်းများကို ကလိုရင်းဆေးခတ်ခြင်း၊

စာမျက်နှာ ၂၇ ကော်လံ ၄



## သီးထပ်စိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေချဲ့ထွင်ထုတ်ချေးမည့်အစီအစဉ် အသိပေးကြေညာ

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်နှုန်းထားထက် ပျမ်းမျှနှစ်ဆတိုးမြှင့်၍ မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ လယ်ယာကဏ္ဍတွင်သီးထပ်စွမ်းအားတိုးမြှင့်လာစေပြီး နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုတိုးတက်စေရန်အတွက် ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးချိန်မှစ၍ မြေတစ်မျိုးထဲတွင် သီးထပ်သီးနှံအဖြစ် စိုက်ပျိုးပါက တိုးမြှင့်ချေးငွေနှုန်းထားအတိုင်း

စာမျက်နှာ ၂၇ ကော်လံ ၄

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၅

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့် တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရတနာပုံ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်

**အယ်ဒီတာ့အာဘော်**

# တပ်မတော်ဂုဏ်ဆောင်မှသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ်သို့

နိုင်ငံတော်၏ပုံရိပ်ကို ကောင်းမွန်စွာဖော်ပြနိုင်သည့်အရာများထဲတွင် အားကစားကဏ္ဍလည်းပါဝင်သည်ကို တွေ့ရပေသည်။ အားကစားသမားများ၏ ထက်သန်ပြင်းပြသောစိတ်ဓာတ်၊ မဆုတ်မနစ်သောကြိုးပမ်းအားထုတ်မှု၊ အနိုင်မခံ အရှုံးမပေးသောခွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်မှုတို့မှရရှိခဲ့သောအောင်မြင်မှုတို့သည် နိုင်ငံတော်၏ပုံရိပ်ကိုမြှင့်တင်ပေးခြင်းဖြစ်ပေသည်။

ယခုအခါ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်မည့်မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ အားကစားရုံများတွင် ယှဉ်ပြိုင်ကစားလျက်ရှိသည်။ အဆိုပါပြိုင်ပွဲများတွင် မလျှော့သော ခွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ပြီး ပေါ်ထွက်လာသော အားကစားသမားကောင်းများသည် နိုင်ငံတော်နှင့်တပ်မတော်၏ပုံရိပ်ကို မြှင့်တင်ပေးကြမည့်သူများဖြစ်ပေသည်။

အားကစားဟူသည် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုဟူသည့် အရည်အသွေးများ ပြည့်ဝအောင် ဆောင်ရွက်ခြင်းဖြစ်ပေသည်။ ထို့ပြင် မိမိတို့၏ကျွမ်းကျင်မှုအတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါကအောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

တပ်မတော်သားအားကစားသမားများအနေဖြင့် ယခုကျင်းပနေသောတပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် မလျှော့သော ခွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားဖြစ်လာစေရေး ထပ်မံကြိုးစားကြရပေမည်။ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြ လက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ တပ်မတော်သားကောင်း၊ အားကစားသမားကောင်းပီသသည့်စိတ်ဓာတ်များဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြိုင်ပွဲများတွင် ထက်သန်သော ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်းသည် အားကစားဖြင့် နိုင်ငံနှင့်တပ်မတော်ဂုဏ်ကို မြှင့်တင်ခြင်းပင်ဖြစ်ပါသောကြောင့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်နေကြသည့် တပ်မတော်သားအားကစားသမားများအနေဖြင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင် ကြိုးစားသွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၆၇၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၆၇၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပန်းနှမ်း ၆၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ပန်းနှမ်း ၆၇၂၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကနီမြို့နယ်တွင် ဧက ၄၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၄၅၂၅ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၂၀၀၀ စုစုပေါင်း ၆၇၂၅ ဧက ဖြစ်ကြောင်း သိရသည်။

ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ဒေါင့်ကြီးကွေ့ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာဘိုကျေးရွာအုပ်စု ဒေါင့်ကြီးကွေ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဒေါင့်ကြီးကွေ့ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြည့်ကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တီလားဖီးယားငါးပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တီလားဖီးယားငါး ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက တီလားဖီးယားငါးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း တီလားဖီးယားငါးပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဖီးယားငါးတွေ ဝယ်လိုအားကောင်းနေတာကြောင့် ပိဿာချိန်အများအပြားတင်ပို့ရောင်းချနေရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဖီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# အမျိုးသမီးစက်ခေါင်းမောင်းသူများကို ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း စတင်တာဝန်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာ့မီးရထား သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသည့် ရထားများ၌ အမျိုးသမီး စက်ခေါင်းမောင်းသူများကို ထည့်သွင်းတာဝန်ပေးရန် မြန်မာ့မီးရထား သွား/လာရေးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ AGTI ဒီပလိုမာရရှိထားသူ အမျိုးသမီး ငါးဦးအား ရထားစက်ခေါင်းမောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ထားပြီးဖြစ်သည်။

အဆိုပါ အမျိုးသမီး ငါးဦးသည် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် စက်ခေါင်းမောင်းပညာရပ်ကို စာတွေ့၊ လက်တွေ့သင်ယူပြီးမြောက်ခဲ့ကြသူများဖြစ်ပြီး သင်တန်းကာလ ၂၉ ပတ်အတွင်း မြေပြင်တွင် တွဲရွှေ့ရထားမောင်းနှင်ခြင်း၊ လမ်းကြည့်လိုက်ပါခြင်း၊ လက်တွေ့စမ်းသပ်မောင်းနှင်ခြင်း၊ မောင်းနှင်ဖြေဆိုခြင်း၊ လူတွေ့မေးမြန်းစစ်ဆေးခြင်းများကို ဖြတ်သန်းအောင်မြင်ခဲ့ကြသူများဖြစ်ကာ လက်ရှိတွင် တွဲဖက် စက်ခေါင်းမောင်းအဖြစ် လက်တွေ့ လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ အမျိုးသမီးစက်ခေါင်းမောင်း ငါးဦးကို လာမည့်ရက်ပိုင်းအတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ပြေးဆွဲနေသည့် DEMU နှင့် RBE ရထားများတွင် စက်ခေါင်းမောင်းတာဝန်များ စတင်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

TWA

# ခါမ်းပါတ်မြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**တမူး အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခါမ်းပါတ်မြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခါမ်းပါတ်မြို့မှာ ဟင်းသီးဟင်းရွက်ဧက ၂၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

ခါမ်းပါတ်မြို့တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာ သင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်း ပြောပြ၍ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် ပင်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကြီးကျေးရွာအုပ်စု ပင်တီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ဖ၀၃ သိန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပင်တီးကျေးရွာရှိ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ဖ၀၃ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# ပုသိမ်ကြီးမြို့နယ် မင်းရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၅သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအနု အလုံးရေ ၄၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဒေသထွက် အုန်းသီးအနု အလုံးရေ ၄၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း အုန်းသီးအနု အလုံးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ ၄၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ အုန်းသီးအနုများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက် အုန်းသီးအနုတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က စက်တင်ဘာလထဲမှာ အုန်းသီးအနုတွေ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ စက်တင်ဘာလထဲမှာ အုန်းသီးအနု အလုံးရေ ၄၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်ယူမှုများပြားလာတဲ့အတွက် စိုက်ပျိုးတဲ့တောင်သူတွေအပြင် ပွဲရုံပိုင်ရှင်တွေပါ အလုပ်အကိုင်အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါအုန်းသီးအနုများ ပိုမိုတင်ပို့ ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ် အုန်းသီး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၂)

ပါမောက္ခကိုကိုအောင်



**ဗီတာမင်ကို ကောင်းစွာစုပ်ယူနိုင်မည့် နည်းလမ်းများ**

**(က) အဆီနှင့် တွဲစားပါ**

ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့သည် ရေတွင်မပျော်ဝင်ဘဲ အဆီတွင်သာပျော်ဝင်နိုင်သော ဗီတာမင်များဖြစ်ကြသောကြောင့် အဆိုပါ ဗီတာမင်များပါဝင်သော အစားအစာများကို သံလွင်ဆီ၊ ထောပတ်သီး၊ အခွံမာသီး စသည့်ကျန်းမာရေးနှင့် ညီညွတ်သောအဆီများနှင့် တွဲဖက်စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် အကျိုးပြုဗီတာမင်များကို ပိုမိုကောင်းမွန်စွာစုပ်ယူနိုင်မည်ဖြစ်သည်။ (ဥပမာ–ဟင်းနုနယ်ကို သံလွင်ဆီဖြင့် သုပ်စားခြင်း)

**( ခ ) အချဉ်နှင့် တွဲစားပါ**

ဟင်းနုနယ်၊ ကိုက်လန် စသည့်အစိမ်းရောင်ဟင်းရွက်များထံမှ ခန္ဓာကိုယ်က သံဓာတ်ကိုပိုမိုကောင်းမွန်စွာစုပ်ယူနိုင်ရန် ဗီတာမင် C ပါဝင်သော အချဉ် (ဥပမာ–သံပရိုရည်)နှင့် တွဲဖက်၍စားသုံးသင့်သည်။

**( ဂ ) ချက်ပြုတ်နည်းကို ဂရုစိုက်ပါ**

ဗီတာမင် C နှင့် ဗီတာမင် B အုပ်စုဝင်တချို့သည် ရေနှင့်ထိတွေ့မှုကိုလည်းကောင်း၊ အပူဒဏ်ကိုလည်းကောင်း ကြာရှည်ခံနိုင်ရည်မရှိကြပေ။ ထို့ကြောင့်ပင်လျှင် ဟင်းသီးဟင်းရွက်များကို ရေများများထည့်၍ပြုတ်ခြင်း၊ အချိန်ကြာကြာ ချက်ပြုတ်ခြင်းထက် ကြော်ခြင်း၊ ပေါင်းခြင်း သို့မဟုတ် အစိမ်းသုပ်စားခြင်းက ခန္ဓာကိုယ်အတွက် အာဟာရဓာတ်များကို ပိုမိုထိန်းသိမ်းပေးထားနိုင်သည်ကို သတိပြုသင့်သည်။

**(ဃ) စုံလင်အောင် စားပါ**

ဗီတာမင်တစ်မျိုးတည်းကို အာရုံစိုက်ပြီး စားသုံးမည့်အစား အရောင်စုံလင်သော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုး၊ ကောက်နှံတစ်ခုလုံး စသည်တို့ကို စုံလင်စွာစားသုံးခြင်းဖြင့် ဗီတာမင်အစုံကို သဘာဝအတိုင်း ရရှိနိုင်မည်ဖြစ်သည်။

ဗီတာမင် D အရင်းအမြစ်များအနက် အခမဲ့ဖြစ်သော နေရောင်ခြည်ကို အကောင်းဆုံးနှင့် အထိရောက်ဆုံးရယူနိုင်ရန်အတွက် နံနက်စောစောနေထွက်ချိန်တွင် ၁၅ မိနစ်မှ မိနစ် ၂၀ ခန့်ထိ နေပူစာလှုံနိုင်သည်။

ကြက်ဥအနှစ်ကိုလည်း အနည်းငယ်စားသုံးပြီး ဗီတာမင် D ကို ရယူဖြည့်ဆည်းနိုင်သည်။

ဗီတာမင် E အရင်းအမြစ်များ ဖြစ်ကြသော နေကြာစေ့၊ ပဲပိစပ်၊ ဟင်းနုနယ်၊ ထောပတ်သီး စသည်တို့အနက် တန်ဖိုးနည်းသော နေကြာစေ့ကို ဖြည့်စွက်အရသာမပါရှိအောင် ကိုယ်တိုင်လှော်၍ သွားရည်စာအဖြစ် စားသုံးနိုင်သည်။

ဗီတာမင် K အရင်းအမြစ်များဖြစ်ကြသော ဟင်းနုနယ်၊ ကိုက်လန်၊ ပန်းဂေါ်ဖီစိမ်း စသည်တို့ကို ဟင်းချိုအဖြစ် ချက်ပြုတ်သုံးဆောင်နိုင်သကဲ့သို့ ဆီအနည်းငယ်ဖြင့် သုပ်စားခြင်းကလည်း သင့်လျော်ကောင်းမွန်သည်။

ဗီတာမင် B အုပ်စု (B1, B2, B3, B5, B6, B7, 89, B12) အရင်းအမြစ်များဖြစ်ကြသော ဆန်၊ ဂျုံ စသည့်ကောက်နှံများအားလုံး (Whole Grains) ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများနှင့် အသား၊ ငါး၊ အသည်း စသည်တို့အနက် ဆန်နှင့် ဂျုံတို့က နေစဉ်ပုံမှန် စားသုံးနေကြသော အာဟာရများပင်ဖြစ်သည်။

ဟင်းနုနယ်၊ မုန်လာဥနီ၊ ငှက်ပျောသီး၊ လိမ္မော်သီး၊ ကြက်သွန်ဖြူနှင့် သစ်ကြံပိုးခေါက်တို့ကလည်း PQQ အရင်းအမြစ်များ ဖြစ်ကြပြီး လူတိုင်းနီးပါးက လက်လှမ်းမီစားသုံးနိုင်သော အာဟာရများဖြစ်သည်။

**❖ ဗီတာမင် A အရင်းအမြစ်များဖြစ်ကြသော အဝါရောင်နှင့် လိမ္မော်ရောင်အသီးအနှံများဖြစ်ကြသည့် ရွှေဖရုံသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ အစိမ်းရောင်အရွက်များဖြစ်ကြသော ဟင်းနုနယ်၊ ကိုက်လန် စသည်တို့အနက် နှစ်သက်ရာတစ်မျိုးကို စားသုံးနိုင်သည်။ ကန်စွန်းဥ၊ မုန်လာဥနီကိုပြုတ်ပြီး သို့မဟုတ် မီးဖုတ်ပြီး ဆီအနည်းငယ်နှင့်တို့၍ စားသုံးခြင်းထက် ဆီအနည်းငယ်ပါဝင်သော ဟင်းရွက်သုပ်များထဲတွင် ရောနှောထည့်သွင်း စားသုံးခြင်းက ပို၍အကျိုးရှိနိုင်သည်။ ❖**

**ဈေးနှုန်းချိုသာစွာဖြင့် ဗီတာမင်ကို ရယူဖြည့်ဆည်းနိုင်သော အစားအစာများသဘာဝ**

ဗီတာမင် A အရင်းအမြစ်များဖြစ်ကြသော အဝါရောင်နှင့် လိမ္မော်ရောင် အသီးအနှံများဖြစ်ကြသည့် ရွှေဖရုံသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ အစိမ်းရောင်အရွက်များဖြစ်ကြသော ဟင်းနုနယ်၊ ကိုက်လန် စသည်တို့အနက် နှစ်သက်ရာတစ်မျိုးကို စားသုံးနိုင်သည်။

ကန်စွန်းဥ၊ မုန်လာဥနီကိုပြုတ်ပြီး သို့မဟုတ် မီးဖုတ်ပြီး ဆီအနည်းငယ်နှင့်တို့၍ စားသုံးခြင်းထက် ဆီအနည်းငယ်ပါဝင်သော ဟင်းရွက်သုပ်များထဲတွင် ရောနှောထည့်သွင်း စားသုံးခြင်းက ပို၍အကျိုးရှိနိုင်သည်။

ဗီတာမင် C အရင်းအမြစ်များဖြစ်ကြသော သံပရာသီး၊ သံပရိုသီး၊ ရှောက်သီး၊ ကျွဲကောသီး၊ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီစိမ်း စသည်တို့ကို တိုက်ရိုက်စားသုံးခြင်းက အထိရောက်ဆုံးဖြစ်သည်။

ဟင်းချိုထဲသို့ ငရုတ်သီးစိမ်း၊ ခရမ်းချဉ်သီး ထည့်ချက်ပြီး စားသုံးခြင်းနှင့် ဟင်းခတ်အဖြစ် သံပရိုရည်ညှစ်၍ စားသုံးခြင်းများကလည်း ဟင်း၏ အရသာကို ထူးကဲစေပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်စေသည်။

**သတိပြုပါ**

ဗီတာမင်ဖြည့်စွက်ဆေးဝါးများကို ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ မှီဝဲခြင်းထက် သဘာဝအစားအစာများမှတစ်ဆင့် ရယူခြင်းက ကျန်းမာရေးအတွက် ပို၍စိတ်ချရနိုင်သည်။ အကယ်၍ ကျန်းမာရေးအခြေအနေအရ ဗီတာမင် ဖြည့်စွက်စာများ လိုအပ်ပါက ဆရာဝန် သို့မဟုတ် အာဟာရပညာရှင်နှင့်တိုင်ပင်၍ အကြံဉာဏ်ရယူပြီးမှသာ မှီဝဲသုံးစွဲရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ဗီတာမင်ကို စုံလင်စွာစားသုံးရန် လိုအပ်ပြီး ထိုကဲ့သို့ စားသုံးရာ၌လည်း အရောင်ဆိုးထားခြင်းနှင့် အရသာပြုပြင်ထားခြင်းမရှိသော သဘာဝအသီးအနှံများနှင့် အရွက်များကိုဦးစားပေး ရွေးချယ်ရန် လိုအပ်မည်ဖြစ်သည်။ ချက်ပြုတ်နည်းကလည်း နည်းမှန်၊ လမ်းမှန် ဖြစ်စေရေးကို ဂရုစိုက်ရန်မမေ့အပ်ပေ။

ဤသို့ဆိုလျှင် ဈေးနှုန်းကလည်း ချိုသာပြီး လူတိုင်းကလည်း လက်လှမ်းမီနိုင်သော သဘာဝအစားအစာများမှတစ်ဆင့် ဗီတာမင်ကို ထိထိရောက်ရောက် ရယူဖြည့်ဆည်းနိုင်ကြမည်ဖြစ်ပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၃၁၁၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၃၁၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၁၁၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၇၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ၁၁၂၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများ စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်းမကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မောင်းမကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

## မေတ္တာတန်ခိုး အလှတိုး

\- မေတ္တာဂုဏ် ရနံ့သင်း
သန့်ရှင်းတဲ့ စိတ်အခြေ၊
မုဒိတာ ရင်ဝယ်ကိန်းလို့
ထိန်းသိမ်းကြလေ၊
ချိုသာစကား ပြုံးပန်းဝေ
အမုန်းပန်းတွေ မစိုက်ပျိုး၊
တန်းတူညီ မခွဲခြားကာဖြင့်
အားသွန်သယ်ပိုး။

\- လင်းလက်စေ မေတ္တာတန်ခိုးနဲ့
အလှတိုးပေါ့ မြေကမ္ဘာ၊
မနာလို မာန်စွယ်ကင်းမှ
သင်းပျံ့ဝေဆာ၊
မစ္ဆရိယ ဖယ်ကြဉ်ပါ
ကိုယ်ချင်းစာ ရင်ဝယ်ထား၊
လောကအလယ် ဖြူစင်မှုနဲ့
ပြုကျင့်စေသား။

\- ဆုံးဖြတ်ပါ အမုန်အမှားကိုလ
တရားသဖြင့် သိမြင်အောင်၊
ပွားမေတ္တာ နှလုံးသွင်းပါလို့
ကွေ့ကွင်းရန်ရှောင်၊
အမှောင်ကင်းလို့ အလင်းဆောင်
စိတ်ဂုဏ်ရောင် သင်းကြည်မြ၊
လူ့ဘောင်ခွင် မေတ္တာမစဲကာဖြင့်
မြဲပင်လှပ။ ။

ပိုင်ဆု(ပညာရေး)

## အမရပူရမြို့နယ် ကင်းဘက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းဘက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၈၆ ဒသမ ၃၀ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၈၆ ဒသမ ၃၀ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအောင်မြင်စွာ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# ယခုနှစ် ဆေးပညာနိုဘယ်ဆုကို အမေရိကန်နှင့် ဂျာမနီသိပ္ပံပညာရှင်များ ပူးတွဲရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ဆေးပညာနိုဘယ်ဆုကို အမေရိကန်သိပ္ပံပညာရှင် ကားလ်ဒီဆားရော့၊ ဂျာမနီသိပ္ပံပညာရှင် ပီတာဟေ့ဂျ်မန်းနှင့် ဂျော့နာဂျယ်လ်တို့က ပူးတွဲရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

မျိုးရိုးဗီဇ အင်ဂျင်နီယာနည်းပညာနှင့် အလင်းနည်းပညာတို့ ပေါင်းစပ်ထားသော အလင်းမျိုးရိုးဗီဇနည်းပညာ (Optogenetic) ဆိုင်ရာ ရှာဖွေတွေ့ရှိချက်များအတွက် အဆိုပါသိပ္ပံပညာရှင် သုံးဦးကို ယခုနှစ် ဆေးပညာနိုဘယ်ဆုရှင်များအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဆွီဒင်နိုင်ငံ ကာရိုလင်စကာအင်စတီကျု ဆေးပညာနိုဘယ်ဆု ရွေးချယ်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

အလင်းမျိုးရိုးဗီဇ နည်းပညာကို ကမ္ဘာတစ်ဝန်းရှိ ဓာတ်ခွဲခန်းများ၌ ဦးနှောက်၏ လျှို့ဝှက်ချက်များ ဖော်ထုတ်ရေးအတွက် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သိပ္ပံပညာရှင်များသည် ဆေးပညာနိုဘယ်ဆုအတွက် ရရှိမည့် ဆွီဒင်နိုင်ငံက ရောင်းရငွေ ၁၂ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း)ကို ခွဲဝေခံစားရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဆေးပညာနိုဘယ်ဆုကို အမေရိကန်သိပ္ပံပညာရှင် မာရီဘရွန်းကိုး၊ ဖရက်ဒ်ရမ်းစ်ဒဲလ်၊ ဂျပန်သိပ္ပံပညာရှင် ရှီမွန် ဆာကာဂူချီတို့က ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပရန် ဥရောပသမဂ္ဂ ကုန်သွယ်ရေးအကြီးအကဲ ပေကျင်းသို့ သွားမည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၅**

ဥရောပသမဂ္ဂ(အီးယူ) ကုန်သွယ်ရေးအကြီးအကဲ မားရော့စ်ဆက်ဖ်ကိုဗစ်သည် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ နှစ်ရက်ကြာ သွားရောက်၍ တရုတ်နိုင်ငံ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အီးယူနှင့် တရုတ်နိုင်ငံတို့ကြား ကုန်သွယ်ရေး ပဋိပက္ခဖြစ်ပွားမည့်အရေးကို ရှောင်ရှားနိုင်ရေးအတွက် တရုတ်နိုင်ငံသို့ သွားရောက်၍ ကုန်သွယ်ရေးဆွေးနွေးပွဲများကျင်းပရန် အီးယူကုန်သွယ်ရေးအကြီးအကဲက စီစဉ်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မော်တော်ယာဉ် ထုတ်လုပ်တင်ပို့မှုကဲ့သို့ အရေးကြီးသည့် ကုန်သွယ်ရေးနယ်ပယ်များ၌ တရားမျှတမှုမရှိသည့် ဈေးကွက်ယှဉ်ပြိုင်မှုများ ပြုလုပ်နေကြောင်း ဥရောပသမဂ္ဂက ယုံကြည်ထားသည်။

ထို့ပြင် အဆင့်မြင့်နည်းပညာထုတ်လုပ်မှုကဏ္ဍတွင်းသို့ တရုတ်ကုမ္ပဏီများ ဝင်ရောက်လာမှုကြောင့် အီးယူ၏အစဉ်အလာစက်မှုလုပ်ငန်းများ ထိခိုက်မည့်အရေးကိုလည်း အီးယူခေါင်းဆောင်များက စိုးရိမ်လျက်ရှိသည်။

လက်ရှိ ကုန်သွယ်မှုတန်ဖိုး မညီမျှမှုပြဿနာနှင့် ပတ်သက်၍ အီးယူ၏စိုးရိမ်မှုများကို ဖြေရှင်းရန် တရုတ်နှင့် အီးယူတာဝန်ရှိသူများသည် ယခုနှစ် ဇွန်လမှစ၍ ကုန်သွယ်ရေး ဆွေးနွေးပွဲများ ဆက်တိုက် ကျင်းပခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဟူသီလက်နက်ကိုင်အဖွဲ့ ထိန်းချုပ်ထားသည့် နယ်မြေများကို ထိုးစစ်ဆင်တိုက်ခိုက်မှု ယီမင်အစိုးရ စတင်

**အေဒင် အောက်တိုဘာ ၅**

အီရန် ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့ ထိန်းချုပ်ထားသော နယ်မြေအားလုံးကို ပြန်လည်ရယူရေးအတွက် အဓိကစစ်ဆင်ရေးတစ်ခု စတင်နေပြီ ဖြစ်ကြောင်း နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရက အောက်တိုဘာ ၄ ရက်တွင် အတည်ပြုကြေညာခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယီမင် အစိုးရတပ်များသည် ဟူသီလက်နက်ကိုင်အဖွဲ့ လက်အောက်ရှိနယ်မြေအားလုံး ပြန်လည်လွတ်မြောက်ချိန်ထိ ထိုးစစ်များ ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့ ထိန်းချုပ်ထားသည့် နယ်မြေများကို စတင်ထိုးစစ်ဆင်နေမှုကို ယီမင်သမ္မတ ရာရှက်ဒ်အယ်လ်အလီမီက အောက်တိုဘာ ၄ ရက် ရုပ်သံမိန့်ခွန်း၌ အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

ဟူသီ လက်နက်ကိုင်အဖွဲ့သည် ၂၀၁၄ ခုနှစ်မှစ၍ ယီမင်နိုင်ငံ ဆာနားမြို့နှင့် ယီမင်အနောက်မြောက်ပိုင်း နယ်မြေများကို ထိန်းချုပ်ထားသည်။

ပဋိပက္ခများ လျှော့ချရေးအတွက် အခွင့်အလမ်းအားလုံး ကုန်ဆုံးခဲ့ပြီးနောက် ဟူသီလက်နက်ကိုင်အဖွဲ့ကို တန်ပြန်ထိုးစစ်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယီမင်သမ္မတ ရာရှက်ဒ်အယ်လ်အလီမီက ပြောကြားထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့နှင့် ယီမင်အစိုးရတို့သည် ၂၀၂၂ ခုနှစ်တွင် ရယူခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် စစ်ရေးပဋိပက္ခများ ရပ်ဆိုင်းထားသည်။

သို့ရာတွင် ဟူသီလက်နက်ကိုင်အဖွဲ့သည် ပြီးခဲ့သည့်လအတွင်း ထိုးစစ်ဆင်နွှဲ၍ မဟာဗျူဟာမြောက် ဘက်အယ်လ်မင်ဒက်ဘ်ရေလက်ကြားနှင့် ပင်လယ်နီကမ်းရိုးတန်း နယ်မြေများကို သိမ်းပိုက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဗြိတိန်လေတပ်စခန်းရှိ ဘီ-၁ ဗုံးကြဲလေယာဉ်များကို အမေရိကန်နိုင်ငံ နေရာရွှေ့ပြောင်းထား



**နယူးယောက် အောက်တိုဘာ ၅**

လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် အမေရိကန်နိုင်ငံသည် ဗြိတိန် ဖဲယားဖို့ဒ်လေတပ်စခန်းရှိဘီ-၁ ဗုံးကြဲလေယာဉ်များကို နေရာရွှေ့ပြောင်းထားကြောင်း အောက်တိုဘာ ၄ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အကြမ်းဖက် တိုက်ခိုက်မှုပြုလုပ်ရန်ယူဆရမှုဖြင့် ဖဲယားဖို့ဒ်လေတပ်စခန်းအနီး၌ အမျိုးသားငါးဦးကို ဗြိတိန်ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရက်သတ္တပတ်အကြာတွင် အဆိုပါ လေတပ်စခန်းမှ ဘီ-၁ ဗုံးကြဲလေယာဉ်များကို အမေရိကန်နိုင်ငံက နေရာရွှေ့ပြောင်းထားခြင်းဖြစ်သည်။

ဗြိတိန်ရှိ ဖဲယားဖို့ဒ်လေတပ်စခန်း၌ တပ်စွဲထားသည့် အမေရိကန် ဗုံးကြဲလေယာဉ်အားလုံးကို အမေရိကန်နိုင်ငံရှိ မိခင်လေတပ်စခန်းများသို့ ပြန်လည်ရွှေ့ပြောင်းထားကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

လန်ဒန်မြို့ အနောက်မြောက်ပိုင်း၌တည်ရှိသော ဖဲယားဖို့ဒ်လေတပ်စခန်း၌ အမေရိကန်လေတပ် ဘီ-၁ မဟာဗျူဟာဗုံးကြဲလေယာဉ်၁၂ စင်းထိတပ်စွဲခဲ့သည်။

အမေရိကန်နိုင်ငံသည် အဆိုပါ ဘီ-၁ ဗုံးကြဲလေယာဉ်များကို အီရန်စစ်ရေး ပဋိပက္ခကာလအတွင်း အီရန်ကိုစစ်ရေးအရ တိုက်ခိုက်ရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အိမရန်းခန်ကို ထောက်ခံသူများ အစ္စလာမ္မာဘတ်မြို့သို့ စတင်ချီတက်

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၅**



ဖမ်းဆီးထိန်းသိမ်း ခံထားရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အိမရန်းခန်ကို ထောက်ခံသူ ရာပေါင်းများစွာတို့သည် အောက်တိုဘာ ၄ ရက်တွင် အစ္စလာမ္မာဘတ်မြို့သို့ စတင်ချီတက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါချီတက်ပွဲကို တားဆီးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ပျက်ပြားခဲ့ပြီးနောက် အိမရန်းခန်၏ ပါကစ္စတန်တီရစ်အီးအင်းဆက်ဖ်ပါတီ(ပီတီအိုင်) ထောက်ခံသူများက အစ္စလာမ္မာဘတ်မြို့ ချီတက်ပွဲကို စတင်ခဲ့ခြင်းဖြစ်သည်။

ပီတီအိုင်ပါတီထောက်ခံသူများသည် ၎င်းတို့၏ ခရီးရှည်ချီတက်ပွဲကို အောက်တိုဘာ ၄ ရက်တွင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပခ်တွန်ခွါပြည်နယ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန် အာဏာပိုင်များသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အိမရန်းခန်ထောက်ခံသူများ အစ္စလာမ္မာဘတ်မြို့သို့ ရောက်ရှိလာမည့်အရေးကို တားဆီးရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး အစ္စလာမ္မာဘတ်မြို့သို့ ဦးတည်နေသော အဝေးပြေးလမ်းများတစ်လျှောက် ကုန်သေတ္တာများနှင့် အတားအဆီးများ နေရာချထားသည်။

အသက် ၇၃ နှစ်ရှိ ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အိမရန်းခန်သည် လွှတ်တော်၏ အယုံအကြည်မရှိအဆိုကြောင့် ရာထူးမှဖယ်ရှားခံရပြီးနောက် ၂၀၂၃ ခုနှစ် ဩဂုတ်လမှစ၍ စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်




## ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း အောက်တိုဘာ ၅** ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းငွေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးခြောက်ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငရုတ်သီးခြောက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးခြောက်က အရည်အသွေးကောင်းတော့ မှာယူတဲ့ ကုန်ပစ္စည်းပမာဏကလဲများနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းငွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသော ငရုတ်သီးခြောက်များ အရည်အသွေး ကောင်းမွန်ပြီး ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအား တက်လာခြင်းနှင့် ငရုတ်သီးအရည်အသွေး ကောင်းမွန်ခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ



နေပြည်တော် အောက်တိုဘာ ၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Mobile Internet Data အသုံးပြုနိုင်ရေး၊ ဆေးရုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဓာတ်မှန်စက်တပ်ဆင်ပေးရေး၊ ဝန်ထမ်းများခန့်ထားပြီး ဆေးရုံပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းခြောက်ခုမေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **တောင်တွင်းကြီးမြို့နယ်၌ Mobile Internet Data အသုံးပြုခွင့်ကို မည်သည့်အချိန်ကာလတွင် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၃၃ ခု၊ ATOM မှ မိုဘိုင်းစခန်း ၄၂ ခု၊ U9 မှ မိုဘိုင်းစခန်း ၃၄ ခု၊ Mytel မှ မိုဘိုင်းစခန်း ၄၉ ခု၊ စုစုပေါင်း မိုဘိုင်းစခန်း ၁၅၈ ခု တည်ဆောက်တပ်ဆင်၍ ဖိုင်ဘာဆက်ကြောင်း၊ မိုက်ခရိုဝေ့ဖ် အဝေးဆက်သွယ်ရေးဆက်ကြောင်းစနစ်များဖြင့်ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်တွင်းကြီးမြို့နယ်အတွင်း FTTH ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုပေးသော ကုမ္ပဏီ ငါးခုက မြို့နယ်အတွင်း ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၆၀၁၂ အိမ်သို့ အင်တာနက်ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူလူမှုစီးပွားဘဝ၊ ပညာရေး၊ MSME လုပ်ငန်းများ၊ Digital Payment နှင့် ငွေကြေးဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင် ဆက်သွယ်မှုအဆင်ပြေစေရန် Global Link ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ Top Net ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ MPT ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ Fiber Life ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ Mytel ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတို့မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ FTTH ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုများ ထပ်မံလိုအပ်ချက်များရှိပါက မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တောင်တွင်းကြီးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေပေးပါက ပျက်စီးသွားသောတာဝါတိုင်များ၊ မိုဘိုင်းစက်ပစ္စည်းများ၊ မီးစက်များကိုပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့နှစ်ထပ်ဆောင်တစ်လုံး ခွင့်ပြုဆောက်လုပ်ပေးနိုင်ပါရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မင်းတုန်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ မြောက်ပြင်နှင့် ကျောက်တိုင်တိုက်နယ်ဆေးရုံ နှစ်ရုံရှိပါကြောင်း၊ တိုက်နယ်ဆေးရုံ နှစ်ရုံအနေဖြင့် ဒေသအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် မြို့နယ်ဆေးရုံတစ်ခုတည်းကိုသာ အားထားနေရသည့် အနေအထားဖြစ်ပါကြောင်း၊ လက်ရှိမင်းတုန်းမြို့နယ်ဆေးရုံမှာ အတွင်းလူနာ ၁၆/၂၀ ဦးနှင့် ပြင်ပလူနာ ၁၀/၁၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါကြောင်း၊ မင်းတုန်းမြို့နယ်ဆေးရုံကို ၁၉၆၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့်အတွက် အဆောက်အအုံအိုဟောင်းခြင်း၊ အခန်းဖွဲ့စည်းပုံများကျဉ်းခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အကန့်အသတ်ရှိနေကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် လက်ရှိအသုံးပြုလျက်ရှိသောဆေးရုံအဆောက်အအုံကို ပြုပြင်ရန်လိုအပ်သောလုပ်ငန်းများအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် တိုးချဲ့နှစ်ထပ်ဆောင်အသစ်ဆောက် လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေးမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံရှိ ဓာတ်မှန်စက်မှာ ပျက်စီးနေပါသဖြင့် အစားထိုးတပ်ဆင်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဘိုကလေးမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံ၌ တပ်ဆင်အသုံးပြုခဲ့သော ဓာတ်မှန်စက် 50MA(Model:F50-100, China) ချွတ်ယွင်းသွားသည့်အတွက် ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အဆိုပါဓာတ်မှန်စက်သည် Model အဟောင်းဖြစ်နေပါသဖြင့် Spare Parts များ ရရှိနိုင်ရန် မလွယ်ကူခြင်းကြောင့် ပြင်ဆင်၍မရနိုင်ပါကြောင်း၊ ယင်းဓာတ်မှန်စက်ကို အစားထိုးတပ်ဆင်နိုင်ရေးအတွက် 100MA Digital X-Ray ကို ပေးပို့ထားခဲ့ရာ ၂၄-၉-၂၀၂၆ တွင် ကုမ္ပဏီမှ Installation လာရောက်ပြုလုပ်ပေးခဲ့ပြီး ၂၉-၉-၂၀၂၆ မှစ၍ စတင်အသုံးပြုနိုင်နေပြီဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့နယ် ဆားမှော်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ပြန်လည်ခန့်ထားပြီး ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မိုးကောင်းမြို့နယ် ဆားမှော်တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ တာဝန်မှပျက်ကွက်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ဆေးရုံပိတ်ထားခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်သည့်အခါ မြစ်ကြီးနားဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးကို ဆားမှော်တိုက်နယ်ဆရာဝန်အဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း၊ သို့သော်လည်း ခြိမ်းခြောက်ခံရမှုကြောင့် အဆိုပါဆရာဝန်ကို ဆားမှော်တိုက်နယ်ဆေးရုံမှ မိုးကောင်းမြို့နယ်ဆေးရုံသို့ တွဲဖက်ထားခဲ့ရပါကြောင်း၊ ပြန်လည်တာဝန်ချထားရန် ဆောင်ရွက်ရာတွင် ဆရာဝန်အနေဖြင့် စိုးရိမ်ပူပန်မှုရှိနေဆဲဖြစ်သည့်အတွက် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ အခြားလက်ထောက်ဆရာဝန်တစ်ဦးကို အစားထိုးတာဝန်ချထားနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအချိန်က ဒေသအခြေအနေအရ ဆားမှော်တိုက်နယ်ဆေးရုံသို့ ဆရာဝန် စေလွှတ်တာဝန်ထမ်းဆောင်စေရေးကို ဆိုင်းငံ့ထားခဲ့ပါကြောင်း။

ယခုအခါ ဒေသတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဆရာဝန်တစ်ဦးကို ဆားမှော်တိုက်နယ်ဆေးရုံတွင် နှစ်လအတွင်း အမြန်ဆုံးတာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **ညောင်တုန်းမြို့နယ် ခုတင်၁၀၀ ပြည်သူ့ဆေးရုံရှိသုံးထပ်ဆောင်ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် တိုးချဲ့သုံးထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလတွင် ခွင့်ပြုရန်ပုံငွေကျပ် ၄၀၀ ဒသမ ၀၀၀ သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး တင်ဒါအောင် တန်ဖိုး ၆၆၈ ဒသမ ၂၇၉ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီနှင့် ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာနတို့ စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကာ စီမံကိန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းပြီးစီးမှု ငွေပေးချေခဲ့ပြီး ကုမ္ပဏီမှ စာချုပ်ပါစည်းကမ်းချက်များလိုက်နာဆောင်ရွက်မှုမရှိပါသဖြင့် မူလတင်ဒါအောင်ကုမ္ပဏီနှင့် စာချုပ်ရုပ်စဲခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်ရုပ်စဲဆောင်ရွက်ပြီးစီးခဲ့ပါသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အဆိုပါအဆောက်အအုံ ဆက်လက်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကာလစီမံကိန်းတန်ဖိုးအရ ကျန်ရန်ပုံငွေကျပ် ၃၃၄ ဒသမ ၁၄၀ သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၁၅)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကာလတွင် လူနာကုသဆောင်အချောသပ်ဆောင်ရွက်ရန် ငွေကျပ် ၉၉၇ ဒသမ ၀၀၀ သန်းဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့သုံးထပ်ဆောင် ပြင်ပဆက်စပ်လုပ်ငန်းများနှင့် ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ကာလတွင် လျာထားသွားမည်ပြီး ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးချိန် ၂၀၂၈ ခုနှစ်တွင် လူနာများကိုဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါရှာဖွေစမ်းသပ်သည့် စက်ပစ္စည်းကိရိယာများနှင့် ၂၅ ခုတင်မှ ခုတင် ၅၀ ဆံ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့တွင် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ လွိုင်ဆောင်ထောက်တိုက်နယ်ဆေးရုံနှင့် မိုင်းစံ(မုန်းဆန်း)တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခုတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ မိုင်းရှူးပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်းနှင့်အတူ အထက်တန်းသူနာပြု ငါးဦး၊ သူနာပြုခုနစ်ဦး၊ အခြား ကျန်းမာရေးဝန်ထမ်း ခုနစ်ဦးတို့က နေ့စဉ်ပျမ်းမျှ အတွင်းလူနာ ၁၉ ဦးနှင့်ပြင်ပလူနာ ၂၀ ခန့်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက်စေရေးအတွက်လက်ထောက်ဆရာဝန်တစ်ဦးကို ယခုနှစ် ၂၀၂၆ ခုနှစ်အတွင်း ခန့်ထားပေးမည်ဖြစ်ပါကြောင်း။

မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံအတွက် Digital X-Ray( 100 mA) Machine Inverter Type (1) No ကို ထောက်ပံ့ပေးထားပြီးဖြစ်ပါကြောင်းနှင့် ဓာတ်ခွဲခန်းအတွက် လိုအပ်သောဓေတ်မီရောဂါရှာဖွေစမ်းသပ်သည့် ဓာတ်ခွဲခန်းသုံးစက်ကိရိယာများကို ယခုနှစ်ဘဏ္ဍာနှစ်အတွင်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံအနေဖြင့် သုံးနှစ်ပျမ်းမျှ အတွင်းလူနာ ၂၄ ဦးရှိသည့်အတွက် ခွင့်ပြုခုတင်၏ ၉၅ ရာခိုင်နှုန်းရှိနေပါကြောင်း၊ ဆေးရုံများ ခုတင်အဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံ၏သုံးနှစ်အတွင်း ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှုအခြေအနေ၊ ဒေသလိုအပ်ချက်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်လာပြီး လူဦးရေများ ပြားလာခြင်းနှင့် သွားလာရေးခက်ခဲပြီး လူနာသယ်ယူပို့ဆောင်ရေးခက်ခဲခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အရ တာဝန်ချထားပေးနိုင်မှုအခြေအနေများပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မိုင်းရှူးပြည်သူ့ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် ဆရာဝန်၊ သူနာပြု၊ အခြားဝန်ထမ်းများခန့်ထားရေး၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာများထောက်ပံ့ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီးနောင်တွင် ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်လာမှုပေါ်မူတည်၍ ခုတင်အဆင့်တိုးမြှင့်ခြင်းကို စဉ်းစားဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**စာမျက်နှာ ၉ သို့**

စာမျက်နှာ ၈ မှအဆက်

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း တင်သွင်းသည့် **"မြန်မာနိုင်ငံပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သောဘဏ်များ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး**က နိုင်ငံတကာအဆင့်မီဘဏ်ကြီးများ ပေါ်ပေါက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများယုံကြည်စိတ်ချစွာစုဆောင်းအပ်နှံထားသည့် ဘဏ်များတွင် ငွေကြေးအရင်းအမြစ်များ တိုးပွားလာပါက MSME လုပ်ငန်းများ၊ စက်မှုနှင့်မွေးမြူရေးလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများအပြင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာကာ ပြည်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ တိုးပွားရရှိလာနိုင်သဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်မီပြီး နိုင်ငံတကာအဆင့်မီဘဏ်များ ပေါ်ပေါက်လာခြင်းမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်**က ဘဏ်လုပ်ငန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးစီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက်များ၊ ပြည်သူများ၏ စုဆောင်းငွေများနှင့် ငွေပေးချေမှုစနစ်များ တိုက်ရိုက်ဆက်စပ်နေသော အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ်အရေအတွက်ကို မည်မျှထားရှိရမည်ဆိုသည့်အချက်တစ်ခုကိုသာ ကြည့်ရှုရန်မဟုတ်ဘဲ နိုင်ငံ့ဘဏ်လုပ်ငန်းစနစ်တစ်ခုလုံး၏ တည်ငြိမ်မှု၊ ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှု၊ ဝန်ဆောင်မှုအရည်အသွေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုနိုင်မှုတို့ကို ဘက်စုံစဉ်းစားရန်လိုအပ်ပါကြောင်း။

အဆိုရှင်၏ မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုခိုင်မာအားကောင်းစေရေး ရည်ရွယ်ချက်ကောင်းကို ပြည်သူ့လွှတ်တော်ဘဏ်များနှင့်ငွေကြေးဆိုင်ရာကော်မတီအနေဖြင့် လေးစားအသိအမှတ်ပြုပါကြောင်း၊ သို့သော်ဘဏ်အရေအတွက် လျှော့ချဆောင်ရွက်ခြင်းဖြင့်သာ ဘဏ်လုပ်ငန်းစနစ်ခိုင်မာလာမည်မဟုတ်ပါကြောင်း၊ လက်ရှိကာလတွင် အရေးကြီးဆုံးမှာ ဘဏ်အရေအတွက်လျှော့ချရေးထက် ဘဏ်တစ်ခုချင်း၏ ခိုင်မာမှု၊ ပြည်သူ့ငွေကြေးလုံခြုံမှု၊ ပုံမှန်ငွေထုတ်ငွေလွှဲနှင့် ချေးငွေဝန်ဆောင်မှုများ ပုံမှန်လည်ပတ်နိုင်ရေးတို့ကိုသာ ဦးစားပေးဆောင်ရွက်ပေးသင့်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဘဏ်အရေအတွက်လျှော့ချပြီး ပေါင်းစည်းပေးရန် မလိုအပ်သေးပါကြောင်းနှင့် ဈေးကွက်ကတောင်းဆိုမှသာ တည်ဆဲဥပဒေများအတိုင်း ဈေးကွက်ယန္တရားအရသာပံ့ပိုးဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် ခိုင်မာသောအရင်းအနှီး၊ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ ထိရောက်သောအန္တရာယ်စီမံခန့်ခွဲမှု၊ ခေတ်မီသောနည်းပညာ၊ လုံခြုံသော ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်၊ ပြည်သူများအတွက် လုံလောက်သောဘဏ်ဝန်ဆောင်မှု၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် လုံလောက်သောချေးငွေတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၏ ပုဒ်မ ၄၈ ကလည်း ဘဏ်များပေါင်းစည်းခြင်းကို ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ဥပဒေလမ်းကြောင်းကို ဖွင့်ပေးထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများကလည်း ပေါင်းစည်းရေးသည်အရေအတွက်လျှော့ချရန်အတွက်သာမဟုတ်ဘဲ အရင်းအနှီးခိုင်မာရေး၊ နည်းပညာရင်းနှီးမြှုပ်နှံနိုင်ရေး၊ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေး၊ စီးပွားရေးကို ပိုမိုထိရောက်စွာ ငွေကြေးထောက်ပံ့နိုင်ရေးအတွက် အသုံးချနိုင်ကြောင်း ပြသနေပါကြောင်း။

ထို့ကြောင့် ယခုအဆိုကိုအကောင်အထည်ဖော်ရာတွင် "ဘဏ်အနည်းငယ်သာကျန်ရှိရေး"ကို ရည်မှန်းချက်မထားဘဲ "အားနည်းသောဘဏ်များ လျော့နည်းပြီး ခိုင်မာသောဘဏ်များပိုမိုများပြားလာရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုလုံခြုံလာရေးနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးကို ပိုမိုထိရောက်စွာခွဲဝေပေးနိုင်ရေး"ကို အဓိကရည်မှန်းချက်အဖြစ်ထား၍ အဆင့်ဆင့်၊ စနစ်တကျနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း**က ဘဏ်အရေအတွက် လျှော့ချရေးကိစ္စသည် တည်ဆဲဥပဒေများဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီများအက်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေတို့တွင်ပါသည့် ပြဋ္ဌာန်းချက်များအတိုင်း အထူးသတိပြုလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုနည်းလမ်းများ မမှန်ကန်ပါက ဘေးထွက်ဆိုးကျိုးများ အလွန်များနိုင်မည်ဖြစ်ပါကြောင်း၊ ပိုမိုအင်အားကြီးပြီး အရည်အသွေးမြင့်သောဘဏ်များ ပေါ်ပေါက်ရေးအဆိုကို ထောက်ခံပါကြောင်း၊ အင်အားကြီးပြီး အရည်အသွေးမြင့်မားရေးအပိုင်းတွင် Regional သာမက World Class ထိတက်လှမ်းနိုင်လျှင်ပိုကောင်းမည်ဖြစ်ပါကြောင်း။

ယခု ဆွေးနွေးနေသည့်အဆိုကဲ့သို့ Multidirec-tional Impact ဖြစ်စေနိုင်သော၊ Sensitive ဖြစ်သောအဆိုမျိုးကို လွှတ်တော်တွင်းဆွေးနွေး၊ ထောက်ခံ၊ မှတ်တမ်းတင်၊ ကန့်ကွက်အတည်ပြုခြင်းများ မပြုလုပ်မီ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပါဝင်သည့်ဖိုရမ်များနှင့် အပြန်အလှန်ဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆွေးနွေးပြီးမှ လွှတ်တော်တွင် ဆုံးဖြတ်အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နှင်း**က ဘဏ်များပေါင်းစည်းခြင်းကြောင့် ကောင်းကျိုးရရှိသွားသည့်နိုင်ငံများရှိသကဲ့သို့ နိုင်ငံစီးပွားရေးဆိုးဆိုးရွားရွားထိခိုက်သွားသည့် နိုင်ငံများလည်းရှိပါကြောင်း၊ လက်ရှိအနေအထားတွင် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ ငွေကြေးဈေးကွက်နှင့် ငွေရေးကြေးရေးဘဏ်များကဏ္ဍမှာလည်း တည်ငြိမ်မှုရရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့ထည့်သွင်းစဉ်းစားရမည်မှာ စနစ်ကြောင့်ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်၊ နိုင်ငံ၏ မက္ကရိုစီးပွားရေးအပေါ်တွင် ထိခိုက်နိုင်ခြေနှင့် ဖွဲ့စည်းမှုပြောင်းလဲခြင်းကြောင့် စိန်ခေါ်မှုများ၊ ဖြစ်နိုင်ခြေများကိုလည်း ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါကြောင်း။

လက်ရှိ ဘဏ်လုပ်ငန်းများသည် တည်ငြိမ်ပြီး ကောင်းမွန်စွာလည်ပတ်နေပြီ ဖြစ်ပါကြောင်း၊ အဆိုရှင်၏ရည်ရွယ်ချက်မှာ ကောင်းမွန်ပါကြောင်း၊ ရည်ရွယ်ချက်ကိုမူအားဖြင့် သဘောတူပါသော်လည်း လက်ရှိ ဘဏ္ဍာရေးနှင့် ငွေကြေးဈေးကွက်တည်ငြိမ်နေမှု၊ မိမိနိုင်ငံအတွင်းရှိ အစိုးရပိုင်ဘဏ် လေးဘဏ်၊ ပုဂ္ဂလိက ဘဏ် ၂၇ ဘဏ်နှင့် နိုင်ငံအနှံ့ဘဏ်ခွဲပေါင်း ၁၉၀၀ ကျော်ကို Banking systemအတွက် ကိုက်ညီမှုများရှိနေပါသေးကြောင်း၊ အချိန်အခါနှင့် ကူးပြောင်းမှုနည်းလမ်းလွဲမှားသွားမည်ဆိုလျှင် ပြည်သူများ၏ ဘဏ်စနစ်အပေါ် ယုံကြည်မှုလျော့ပါးထိခိုက်စေပြီး ပြည်သူများ၏ စိုးရိမ်ပူပန်မှုမြင့်တက်လာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အမှန်တကယ်လိုအပ်သည့် အချိန်ကျမှသာ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှု၊ ဗဟိုဘဏ်၏ကြီးကြပ်မှုတို့ဖြင့် ဆက်လက်လုပ်ဆောင်သွားသင့်ပါကြောင်း၊ လက်ရှိတွင်အဆိုကို မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အားကောင်းခိုင်မာသောဘဏ်များ ပေါ်ပေါက်စေရေးအတွက် ဘဏ်အရေအတွက်ကိုသာ ထိန်းချုပ်ခြင်းမဟုတ်ဘဲ ဘဏ်တစ်ခုချင်းစီ၏လုံခြုံမှုနှင့် အားကောင်းခိုင်မာမှုကို အဓိကထားခြင်း၊ ဘဏ်များ၏မတည်ငွေရင်းကောင်းမွန်ခြင်း၊ ရရန်ပိုင်ခွင့် အရည်အသွေးကောင်းမွန်ခြင်း၊ စီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ နည်းပညာနှင့် စီမံခန့်ခွဲမှုစွမ်းရည်ကောင်းမွန်ခြင်းတို့အပေါ်အခြေခံ၍ တည်ငြိမ်ခိုင်မာသောဘဏ်စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည် ငွေရေးကြေးရေးအားကောင်းခိုင်မာမှုအချိုးများ ပြည့်မီလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များနှင့်လည်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ရာ တွေ့ရှိချက်များအရ လက်ရှိတည်ငြိမ်မှုရှိနေသည့် အနေအထားကို ထိခိုက်မှုမရှိစေရေးအတွက် ဘဏ်များပေါင်းစည်းခြင်းကိုဆောင်ရွက်ရန်အချိန်အခါမသင့်သေးဟု သုံးသပ်ရရှိပါကြောင်း။

သို့ဖြစ်ရာ ဘဏ်များပေါင်းစည်းခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေတွင် ဘဏ်များပေါင်းစည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံ၏စီးပွားရေးစနစ်ဖွံ့ဖြိုးလာမှု၊ ဘဏ်စနစ်တည်ငြိမ်ပြီး ပိုမိုခိုင်မာလာမှုနှင့် ဘဏ်တစ်ခုချင်းစီ၏လိုအပ်မှုတို့အပေါ်မူတည်ပြီး ပြည်တွင်းဘဏ်များလျှော့ချခြင်း သို့မဟုတ် ပေါင်းစည်းခြင်းကို နိုင်ငံတော်၏မူဝါဒနှင့်အညီသာ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ရေး၊ ဘဏ်များကို အားကောင်းခိုင်မာစေရေး ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သင့်လျော်သည့်အချိန်ကာလတစ်ခုရောက်မှသာ စဉ်းစားသင့်ကြောင်း၊ လတ်တလောအခြေအနေတွင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံစိုက်ကြည့်ရန်

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**❖ မြန်မာနိုင်ငံ၏ ဒေသတစ်ခုချင်းစီတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ မြေဆီလွှာနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိုယ်ပိုင်အားသာချက်များရှိနေသည်။ ထို့ကြောင့် One Region One Product - OROP ကဲ့သို့ ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်မျိုးများကိုရွေးချယ်ပြီး အရည်အသွေး မြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ အမှတ်တံဆိပ်ဖော်ဆောင်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်ခြင်းများကို စနစ်တကျ ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ဒေသဖွံ့ဖြိုးရေးကို အောက်ခြေအဆင့်ကနေစတင်ပြီး အမျိုးသားစီးပွားရေးနှင့် ချိတ်ဆက်ပေးနိုင်မည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ စွာ၌ပင်လျှင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၎င်းတို့အနက် ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်။ ထို့ကြောင့် ကျေးလက်ပြည်သူများ၏ ဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်သည်။

ထို့ကြောင့်လယ်ယာကဏ္ဍကို သမားရိုးကျထုတ်လုပ်မှုစနစ်မှ ခေတ်မီထိရောက်ပြီး ရေရှည်တည်တံ့သည့် ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းရန်လိုအပ်သည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ရှိလာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေ တိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံစီးပွားရေးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးကြီးသည့် ပထမခြေလှမ်းလည်းဖြစ်သည်။

"မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံး ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်ပေးသည့် ကဏ္ဍတစ်ခုသာမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းများကို ပံ့ပိုးပေးနိုင်သည့် ကဏ္ဍလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးမြှင့်ရေးအဖြစ်သာ မမြင်သင့်ကြောင်း၊ ထုတ်လုပ်မှု၊ ကုန်ကြမ်း၊ ပြုပြင်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုလုပ်ငန်း၊ ပြည်တွင်းစားသုံးမှု၊ ပြည်ပပို့ကုန်ဆိုသည့် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို တစ်ဆက်တည်းစဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က စက်တင်ဘာ ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပသည့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား၌အမှာစကားပြောကြားရာတွင်ထည့်သွင်းပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မဟာဗျူဟာမြောက်တည်ရှိနေပြီး အရှေ့တောင်အာရှတွင် မဟာဗျူဟာကျ အချက်အချာကျသည့်အပြင် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံကြားတွင်လည်းတည်ရှိနေသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်ကြီးများသို့ လယ်ယာနှင့်မွေးမြူရေးထွက်ကုန်များကို တိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေသည်။ ထို့ပြင် ရာသီဥတုနှင့် မြေဆီလွှာကောင်းမွန်မှု၊ ကျယ်ပြန့်သည့် စိုက်ပျိုးမြေများ၊ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုတို့သည် မြန်မာနိုင်ငံ၏ အားသာချက်များပင်ဖြစ်သည်။ သို့သော် ထိုအားသာချက်များကို ကုန်ထုတ်စွမ်းအား၊ အရည်အသွေး၊ နည်းပညာ၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအဖြစ် ပြောင်းလဲနိုင်မှသာ နိုင်ငံတော်စီးပွားရေး တိုးတက်လာစေမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ စားအုန်းဆီတင်သွင်းမှုကို အဆင့်လိုက်လျှော့ချခြင်းနှင့် ပြည်သူများ ဝယ်ယူနိုင်သည့် ဈေးနှုန်းဖြစ်စေရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

လယ်ယာထွက်ကုန်ကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်သွားရန်လိုအပ်သည်။ ထို့ပြင် လယ်ယာအထောက်အကူပြုစက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပို့ကုန်ဦးတည်သည့် စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားနှင့် အကြီးစား Agro-Based Industries များကိုလည်း ဒေသအလိုက် အားပေးဖော်ဆောင်သွားရန်လည်း လိုအပ်သည်။

ရော်ဘာ၊ ဝါ၊ ဝါး၊ ကော်ဖီ၊ ထောပတ်၊ သစ်သီးဝလံနှင့် အခြားဒေသအလိုက် အားသာချက်ရှိသည့် သီးနှံများကို ထုတ်လုပ်မှုပမာဏသာမက အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်လုပ်မှု အထိ စဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်သည်။ ဝါစိုက်ပျိုးမှုမှ ဝါဂွမ်း၊ ချည်၊ ချည်ထည်နှင့် အထည်လိပ်ထိ တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖော်ဆောင်နိုင်ရန်လိုအပ်သည်။ အလားတူဝါးကိုလည်း ရိုးရာအသုံးပြုမှုအဆင့်မှာသာမထားဘဲ စက္ကူ၊ ပရိဘောဂနှင့် အခြားတန်ဖိုး မြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုအလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။

ထို့ပြင် ကော်ဖီ၊ သီဟိုဠ်၊ သရက်၊ ဒူးရင်း၊ ထောပတ်သီး၊ ပိန်းဥ၊ ငှက်ပျော စသည့် ပြည်ပဈေးကွက်အလားအလာရှိသည့် ထုတ်ကုန်များကိုလည်း တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ပြီး အရည်အသွေးစံချိန်စံညွှန်း၊ ထုပ်ပိုးမှုနှင့် အမှတ်တံဆိပ်ဖော်ဆောင်ရေးထိ တစ်ဆက်တည်း ဆောင်ရွက်ရန်လိုအပ်သည်။ အထူးသဖြင့် ထုတ်လုပ်နိုင်သည်ထက် ရောင်းချနိုင်သည့် ထုတ်ကုန်ဖြစ်စေရေး၊ ရောင်းချနိုင်သည်ထက် တန်ဖိုးမြင့်သည့် ထုတ်ကုန်ဖြစ်စေရေး ဆောင်ရွက်သွားရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ ဒေသတစ်ခုချင်းစီတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ မြေဆီလွှာနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိုယ်ပိုင်အားသာချက်များရှိနေသည်။ ထို့ကြောင့် One Region One Product - OROP ကဲ့သို့ ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်မျိုးများကို ရွေးချယ်ပြီး အရည်အသွေး မြှင့်တင်ခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ အမှတ်တံဆိပ်ဖော်ဆောင်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်ခြင်းများကို စနစ်တကျ ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ဒေသဖွံ့ဖြိုးရေးကို အောက်ခြေအဆင့်ကနေစတင်ပြီး အမျိုးသားစီးပွားရေးနှင့် ချိတ်ဆက်ပေးနိုင်မည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များထဲတွင် လယ်ယာထွက်ကုန်များသည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၄၁ ဘီလီယံနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၃ ဘီလီယံ တင်ပို့နိုင်ခဲ့သည်။ စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သီးထပ်စွမ်းအား (Cropping Intensity) မြှင့်တင်နိုင်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့်ထိ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်တွင် နေပြည်တော်၌ကျင်းပနိုင်ခဲ့သည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်းသည် လယ်ယာကဏ္ဍတစ်ခုတည်းကို ဖွံ့ဖြိုးတိုးတက်စေရန် မဟုတ်ဘဲ လယ်ယာထွက်ကုန်မှ ကုန်ကြမ်း၊ ကုန်ကြမ်းမှ တန်ဖိုးမြှင့်ထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်မှ စက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်ထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးကို ရည်မှန်းထားရှိသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်သည် လက်တွေ့အကောင်အထည်ဖော်နိုင်မည့်မူဝါဒနှင့် လုပ်ငန်းစီမံချက်များ ထွက်ပေါ်လာရန်ဖြစ်သည်။

လက်ရှိအချိန်၌ကမ္ဘာ့နိုင်ငံများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာ၌ ကဏ္ဍတစ်ခုချင်းစီကို သီးခြားခွဲပြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ နည်းပညာကဏ္ဍနှင့် ဈေးကွက်ရရှိရေးတို့ကြား အပြန်အလှန်ချိတ်ဆက်မှုကို ခိုင်မာအောင် တည်ဆောက်လျက်ရှိကြသည်။ သာဓကအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည်ပင်လျှင် စိုက်ပျိုးရေး ထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ အမြောက်အမြားတင်ပို့ကာ နိုင်ငံခြားဝင်ငွေရရှိ လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ (Agro-Based Industries) ကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ဆိုရလျှင် လယ်ယာထုတ်ကုန်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးသီးနှံများပန်းတိုင်ရည်မှန်းချက် ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agriculture Practices-GAP) စံချိန်စံညွှန်းနှင့်အညီတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကိုဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်သူများ၏လူမှုစီးပွားဘဝမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ ပိုမိုမြှင့်တင်နိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

- ၂၂-၉-၂၀၂၆ ထုတ်သတင်းစာများ။

# President U Min Aung Hlaing gives guidance to Union ministers, Nay Pyi Taw Council Chairman, region and state chief ministers on development of State economy



**President U Min Aung Hlaing gives guidance to Union ministers, Nay Pyi Taw Council Chairman, region and state chief ministers on development of State economy.**

**Nay Pyi Taw October 5**

President of the Republic of the Union of Myanmar U Min Aung Hlaing gave necessary guidance on development of the State economy to Union ministers, the Nay Pyi Taw Council Chairman, and region and state chief ministers at the meeting hall of the President's Office in Nay Pyi Taw this afternoon.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, Union ministers, the Nay Pyi Taw Councl Chairman and deputy ministers together with chief ministers of regions and states in a video conferencing format.

**Efforts to develop State economy**

In his opening address, the President said that as a developing country, it is of paramount importance for Myanmar to strengthen its economy in order to achieve national development. As a government, it is essential to take all necessary measures to promote the country's economic development. It will soon be six months since our government assumed the responsibilities of the State. A government can gain the public's trust and confidence, and the country can achieve comprehensive development, only when it succeeds in restoring and advancing the national economy.

Regarding the country's economic growth, available data indicate that GDP has increased by around 3 per cent. However, it can be seen that the growth rate remains relatively slow compared with other countries in the region. The lack of domestic stability has weakened the development of production activities, resulting in slower economic growth. In addition, the underutilization of production capacity has also contributed to economic weakness. Political instability, economic sanctions, limited access to financial assistance, restricted access to international markets for products, and declining trade have created difficulties for production enterprises in operating at full capacity. Furthermore, the deterioration of security caused by political instability and destructive acts has weakened the development of production, services, and industrial sectors.

Due to the destruction of roads, bridges and other infrastructure caused by the acts of armed groups, the State has had to spend additional financial resources, manpower and time on repair and reconstruction. As a result, difficulties have arisen in implementing the originally planned development projects at the intended pace. The situation has become like "building only to have it destroyed and then rebuilding it again," resulting in repeated cycles of construction, destruction and reconstruction. This has caused significant disruption and delays to the country's development efforts and has placed constraints on accelerating national development and production activities.

Instability in the country has hindered and disrupted economic development. Under such circumstances, efforts can still be made to develop production activities based on agriculture and livestock breeding, which are sectors in which we can make our own efforts. It is necessary to work toward achieving the targets set for agricultural activities and increasing productivity and yields. If domestic entrepreneurs invest in the agriculture and livestock sectors, production industries based on agriculture and livestock breeding will develop, which could make a significant contribution to the development of the national economy.

It is necessary to have an adequate workforce to further develop production activities in the country. Many people have also gone abroad to work for various reasons, resulting in a loss of labour in the domestic workforce. In addition, the country has a shortage of educated and skilled human resources, with the majority of workers engaged in occupations that rely primarily on physical labour.

In areas experiencing territorial instability, aboveground and underground natural resources are being illegally extracted and exploited for personal gain and exported abroad through illicit channels, resulting in significant losses and adverse impacts on the country. As individuals seek employment and income through such illegal means for their personal benefit, participation in legitimate productive activities remains low. At the same time, armed groups continue to maintain their presence in these areas, significantly undermining regional stability, peace and development.

The government is consistently promoting and implementing efforts to improve education and enhance human resources in order to build the nation's future. When compared with other countries in the region and neighboring countries, it can be seen that our country still has many shortcomings in the education sector. It is necessary to distinguish between politics and the affairs of the country. Actions that undermine stability and peace due to a failure to distinguish between national affairs and politics are, in effect, disrupting and undermining the country's development.

Regarding oilseed crops, I have consistently instructed that efforts be made to successfully cultivate and produce oilseed crops domestically in order to meet production targets and ensure sufficient supplies for domestic consumption. However, for various reasons, we still have to import cooking oils annually to meet domestic demand. Therefore, I urge the regional governments and state governments where oilseed crops can be successfully cultivated to make concerted efforts to achieve domestic cooking oil self-sufficiency. If production exceeds domestic consumption, there are already market opportunities for exporting the surplus to foreign markets. To ensure successful oilseed production, the relevant ministries and regional and state governments need to provide, to the extent possible, the necessary inputs, including quality seeds, fertilizers, pesticides, fuel for farm machinery and other basic requirements. Officials at the local level should also encourage greater investment to boost oilseed cultivation and production.

As Myanmar is a rubber-producing country, it is necessary to manufacture rubber-based motorcycle and bicycle tyres and inner tubes domestically, as well as other consumer goods. Likewise, I have consistently emphasized the need to promote industrial development based on cotton cultivation and production. From cotton to cotton lint, yarn, textiles, fabrics and garments, a continuous production chain can create employment opportunities and increase incomes. Therefore, efforts should be made to successfully develop these industries.

Similarly, basic kitchen crops, including onions, garlic, potatoes and chilli, have strong demand in regional markets. Therefore, efforts should focus on increasing yields and expanding market opportunities. With regard to meat production, increasing the output of poultry, ducks, pigs, goats, cattle, fish and other aquatic products could help strengthen the national economy, as there is strong demand in foreign markets. What is needed is simply to work correctly and diligently. Continuous thought, planning and action are required to identify and implement various ways to promote national economic growth.

Regarding investment, domestic investors should be given priority in both domestic and foreign investment activities, while efforts should also be made to attract foreign investment. To address rising commodity prices, measures must be taken to increase production and ensure adequate supplies for domestic consumption. High commodity prices are caused by an imbalance between production and consumption as well as high production costs. Everyone is therefore urged to give due attention to measures aimed at strengthening the national economy.

Regarding trade, Myanmar is exporting quality rice to foreign markets, and in order to increase export volumes,

*See Page 13*

# Chairman of the Financial Commission President of the Republic of the Union of Myanmar U Min Aung Hlaing delivers address at Financial Commission meeting



**Chairman of the Financial Commission President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Financial Commission meeting.**

**Nay Pyi Taw October 5**

The Financial Commission held a meeting at the meeting hall of Presidential Office in Nay Pyi Taw this afternoon, addressed by Chairman of the Financial Commission President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the meeting were Financial Commission Vice Chairmen Vice President U Nyo Saw and Vice President Daw Nang Ni Ni Aye, Secretary of the Commission Union Minister for Finance and Revenue Dr Kan Zaw, specially invited union ministers, Union Auditor-General Daw Naing Thet Oo, the Nay Pyi Taw Council chairman, and deputy ministers. Region/state chief ministers attended the meeting through video conferencing.

In his keynote address, the President said today's Financial Commission meeting will have to approve the supplemental budget requests of the Union and regions and states for fiscal year 2026-2027. After the completion of the approval process, the submission of supplemental budget appropriation bill for FY 2026-2027 of the Union will have to be discussed and decided.

Supplementary appropriation refers to the approval and allocation of only the net additional funds required because the original allocation is insufficient to cover expenses for projects and operations that must indispensably be continued within the respective fiscal year, and where it is impossible either to reallocate funds within the original budget or to transfer and bear the expenses from the General Reserve Fund (GRF).

Therefore, it is found that the supplemental budget requests have been submitted focusing primarily on expenditures required within the 2026-2027 fiscal year for boosting production and enhancing the national economy; expenditures related to foreign aid and loans; matters included in the 2026-2027 National Planning Law but lacking sufficient funds; and expenditures for new projects and new activities that must be implemented in accordance with state policies and directives.

The President said he would like to seriously emphasize that the supplemental budget can only be utilized after it has been approved and enacted as a Supplementary Appropriation Law by the Pyidaungsu Hluttaw. Furthermore, since the period available to utilize this supplemental budget is only about four months, all departments must focus on ensuring that operations are completed within this fiscal year.

As livestock and agriculture are the foundation of the country, it had organized a national level workshop on **"From the Development of Agricultural Sector to National Production Growth"** during the previous month to increase national production by connecting the entire value chain -- from agricultural produce to value-added products, and from MSME operations to domestic consumption and export markets. Suggestions, strategic work programs and projects produced by the workshop must be turned into practical policies and action plans for the development of agro-based industries.

It will be very supportive of the national economic development and progress of socioeconomic life if the country is able to produce crops to enable agro-based industries meet their targets in accord with the motto **"Let us encourage production for prosperity of the Nation"** and fulfil the market demand of neighbours and regional countries.

Human resources development is the most basic resource in building a modern and developed nation. In accord with the motto **"Let us ensure education sector for the development of the Nation"** the government is striving for the all-round development of the education sector, implementing policies to ensure that all citizens have access to education up to the KG+9 level.

Likewise, the government is also making all-out efforts to upgrade the health sector, alongside the education sector. With the conviction that **"Nothing is more important than life"** the government has been implementing effective policies for the health and fitness of the entire nation and health sector improvement activities.

Thus, the State is exerting all-out efforts to drive progress for the development of the national economy and socioeconomic lives. Furthermore, it is annually allowing expenses for improving the all-round education sector, realizing a health system that ensures longevity of the entire nation, development of electricity and energy sector and industrial development, and other necessary areas in accord with the requirements.

Union level bodies, union ministries, and region/state governments should scrutinize and utilize expenditures efficiently and effectively and should avoid any wastage of the allocated funds for the 2026-2027 financial year and the supplementary funds to be additionally approved now to successfully realize the goals of the policies and targets set by the State.

He requested the attendees to collectively discuss and approve the submission by the Secretary of the Financial Commission regarding the supplementary budget requests of Union Ministries and organizations for the 2026–2027 fiscal year; the revised budget estimates for the 2026–2027 fiscal year drawn up according to changes in receipts and expenditures, including those requests; additional subsidies to be provided by the Union to Regions and States; and the draft Supplementary Appropriation Bill for the 2026–2027 Fiscal Year.

Afterward, Vice President U Nyo Saw, Vice Chairman of the Financial Commission, presented the status of supplementary budget requests submitted by Union-level departments and organizations to the Financial Commission for the 2026–2027 fiscal year in accordance with the Constitution, as well as the progress of reviewing these requests. He explained that regarding capital expenditure, priority was given to scrutinizing and approving expenses for essential operations that must be carried out within the current fiscal year under state policies and guidelines, expenses for commitments made to Parliament, operations included in the 2026–2027 National Planning Law with insufficient funds, projects that must be completed within the current fiscal year, and activities funded by secured external aid and loans that can realistically be implemented during the fiscal year. He further detailed measures taken to minimize excess funds return from supplementary budget requests and to strengthen budget estimation, such as reallocating funds from surplus line items within the original budget allocation and surrendering funds to the General Reserve Fund (GRF) for re-allocation. He concluded by presenting for the Financial Commission's endorsement and approval the supplementary budget estimates for Union-level departments and organizations for the 2026–2027 fiscal year, including subsidies for Regions and States, along with the draft Union Supplementary Appropriation Bill.

Afterward, Daw Nan Ni Ni Aye, Vice Co-Chair of the Financial Commission, presented the status of reviewing the supplementary budget requests of Regions and States for the 2026–2027 fiscal year in accordance with the Constitution, detailing the requests and approved allocations for recurrent expenditure, capital expenditure, and debt servicing expenditure concerning subsidies to be provided by the Union. She then submitted for the Financial Commission's discussion and approval the supplementary budget estimates of Regions and States for the 2026–2027 fiscal year and the additional subsidies to be provided by the Union based on the revised estimates.

Next, Union Minister Dr. Kan Zaw, Secretary of the Financial Commission, presented the completed review of the Union's supplementary budget estimates for the 2026–2027 fiscal year, the completed review of the supplementary budget estimates for Regions and States for the 2026–2027 fiscal year, the original and revised estimates of the Union for the 2026–2027 fiscal year, the state foreign exchange reserves status, and the draft Union Supplementary Appropriation Bill.

*See Page 13*

*From Page 11*

it is necessary to cultivate high-quality rice varieties, upgrade rice mills and secure markets. Rather than directly exporting broken rice as a by-product of rice production, upgrading it into higher-value products could generate greater income. Economic attachés appointed in various countries should also actively seek markets to facilitate the export of Myanmar-made products to foreign countries.

**Prepare in advance for potential impacts of El Niño weather**

Regarding El Niño weather, it is assessed that, like other countries around the world, Myanmar could face severe and extreme heat. Although the country will soon enter the winter season, El Niño could bring hot and dry conditions as well as depletion of groundwater resources. At present, some townships are already experiencing higher-than-normal temperatures.

Regardless of the circumstances, necessary preparations must be made to cope with potentially severe weather conditions. To withstand the heat caused by El Niño until the 2027 monsoon season, measures should include conserving and efficiently using drinking water and irrigation water, establishing heat shelters, storing water in dams and reservoirs, preventing unnecessary water losses through proper management and supervision, stockpiling long-lasting food and agricultural produce, cultivating late-monsoon crops to meet production targets, and ensuring the continuity of livestock farming activities, it was said.

The President then added that Union-level officials and chief ministers of regions and states should apply the knowledge and expertise they have acquired through their studies and life experiences to carefully plan, calculate and implement measures for the socio-economic development of the country and its people. If such efforts are made with dedication and a strong commitment to national development, the national economy can also grow rapidly. He urged officials to make effective use of the respective strengths of their regions and states, set their own development goals and targets, and work diligently to achieve them, according to reports.

MNA

*From Page 12*

Afterward, Union Minister for Legal Affairs and Union Attorney General Dr. Thida Oo discussed her endorsement of the supplementary budget requests of the Regions and States for the 2026–2027 fiscal year and the draft Union Supplementary Appropriation Bill for the 2026–2027 fiscal year. The Auditor General of the Union then presented advisory discussions and recommendations on future steps to be taken based on audit findings regarding the budget estimates of receipts and expenditures of Union-level organizations, ministries, and Region and State governments.

Following this, the Chairman of the Nay Pyi Taw Council and the Chief Ministers of the Regions and States made their respective presentations.

Regarding the presentations, the President, in the section on revenue, stated that in order to increase the State's tax revenue, rather than raising tax rates, it is necessary for the relevant ministries and Region and State governments to systematically and fully collect the taxes that should legitimately be collected. Only then can the necessary funds for the country's development activities be fully obtained and utilized. Similarly, in order to further increase revenue, it is necessary to make utmost efforts to develop manufacturing enterprises by utilizing the advantages of each Region and State and each locality. He also added that in spending state funds, it is necessary to systematically scrutinize expenditures to ensure that they genuinely benefit the State and to prevent unnecessary spending in areas where funds should not be spent.

Continuing, the President of the State, in his concluding remarks as Chairman of the Financial Commission, stated that at today's Financial Commission meeting, the supplemental budget request lists for the 2026-2027 fiscal year for the Union and Region and State governments, the funds to be provided by the Union to the Regions and States, and the bill on the additional allocation and utilization of Union funds for the 2026-2027 fiscal year had been discussed and approved. He stated that, in accordance with what had been discussed and approved, the Union Government would continue to proceed with the endorsement of the Financial Commission to submit to the Union Parliament.

He stated that in the country's economic development, the agricultural, livestock, and industrial sectors—which are the foundation for the socio-economic development of citizens—must be implemented in a balanced and integrated manner. He instructed that for the promotion of the national economy and import substitution, efforts must be made collectively for the progress of Agro-based Industries and value-added manufacturing enterprises based on agriculture and livestock.

He stated that for Myanmar, the agricultural sector is the most fundamental sector for food sufficiency, the socio-economic life of the people, rural development, and the country's economic development. As the agricultural sector develops, value-added products, industry, and service sectors will develop, employment and public income will increase, and GDP will rise. Therefore, the promotion of the agricultural sector is an important first step for the country's economic growth and poverty reduction.

He stated that for a country's economy to develop rapidly, good transportation connectivity is also a very important driving force. In accordance with the motto **"Only with good transportation connectivity will the economy develop,"** land routes, rail routes, water routes, and air transport must be upgraded in a balanced manner to make public travel faster and smoother and to accelerate the flow of goods. He stated that to achieve this, roads, bridges, and basic infrastructure damaged by natural disasters and conflicts are being repaired and restored as quickly as possible.

He stated that the State is giving priority to further developing key sectors such as education, health, electricity and energy, and sports, and that state funds will be increased annually.

He stated that Union Ministries and Region and State governments, when submitting supplementary budget requests, have some departments with increased revenue and some with decreased revenue, and it is necessary to strive to fully collect revenues as targeted.

He warned and instructed that in implementing the expenditures and activities approved for the 2026-2027 fiscal year, including the supplementary funds just approved, responsibility must be taken at all levels to complete them within the specified time frame with full quality, and to implement them without waste with full accountability, and that expenditures must be systematically audited.

He urged that Union Ministries and Region and State governments, in accordance with the policies laid down by the State, must systematically and effectively spend on activities that support the country's development, successfully implement the activities, and pay special attention to prevent large amounts of surplus funds from being returned. He then concluded the meeting, according to reports.

MNA

# Iran summons Norwegian envoy over Oslo's inaction on Starlink's "unauthorized" operations

**Tehran October 5**

Iran's Foreign Ministry has summoned Norwegian Ambassador to Tehran Paal Bjornestad over Norway's continued failure to act against the "unauthorized" operation of SpaceX's Starlink satellite internet service on Iranian territory.

The Norwegian envoy was summoned Sunday by Mohammad Hassan-Nejad Pirkouhi, director general for international peace and security at Iran's Foreign Ministry, according to a ministry statement.

Pirkouhi strongly criticized Norway for failing to fulfill its obligations as one of the countries that registered the Starlink network with the International Telecommunication Union (ITU), emphasizing that the Norwegian government is obliged to prevent "unauthorized" Starlink transmissions in Iranian territory.

At the meeting, the Iranian diplomat elaborated on the "abuse" by the United States and Israel of Starlink satellite internet systems to "advance their interventionist measures" against Iran, and protested Norway's "inaction" over Starlink's "unauthorized" operations in Iranian territory.

Despite Iran's repeated follow-ups on the issue, Pirkouhi said Norway has taken no effective action.

He called on Bjornestad to immediately convey Iran's request to his government for "effective and immediate" action to halt activities that compromise Iran's national security and territorial sovereignty through the operation of Starlink satellite internet systems.

Iranian authorities have prohibited the use of Starlink satellite internet in the country over security concerns.

Xinhua

# Feature: Healing little hearts: Kabul's new hospital brings life-saving surgery to Afghan children

**Kabul October 5**

In a country grappling with profound healthcare shortages, a newly opened cardiac hospital on the outskirts of Kabul has begun offering specialized treatment for children living with congenital heart defects, restoring their ability to breathe freely, reclaiming their childhood smiles, and enabling them to envision a healthier tomorrow.

Supported by the Afghan Red Crescent Society, the 50-bed facility provides free diagnosis, treatment, and cardiac surgery to young patients from every corner of Afghanistan.

For countless children whose conditions have stolen their vitality and placed crushing emotional and financial burdens on their families, the hospital stands as a rare beacon of hope.

Mohammad Hassan, father of five children all afflicted with heart defects, journeyed nearly 390 km from the northern province of Jawzjan to Kabul, driven by a single, desperate hope to save his three-year-old daughter.

Having already lost one child to the same condition, Hassan now faces the ordeal with a mixture of anxiety and fragile optimism, seeking care that his family could never have afforded independently.

"I am happy that she is being treated here. Our financial situation is very difficult, and we could not afford the cost of treatment," Hassan told Xinhua.

A private hospital had demanded 300,000 afghanis (about 4,550 U.S. dollars) for his daughter's treatment -- an impossible sum for a daily-wage laborer struggling to sustain his household. With tears welling in his eyes, Hassan recalls the infant he could not save.

Xinhua

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin inspects training schools in Taikkyi, Indaing, and Yemon stations



General Kyaw Swa Lin visits the local Defence Services Youth Education Training School (Yemon).

**Nay Pyi Taw October 5**

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin visited the local training school in the Taikkyi station area this morning and delivered an address to instructor officers, other ranks, and trainees.

The meeting was attended by the General, together with senior military officers from the Office of the Commander-in-Chief, the Commander of Yangon Command, responsible officials, instructor officers, other ranks, and trainees from the training school.

First, the General delivered remarks stating that the Tatmadaw is carrying out national defence duties under the leadership and guidance of the State Government. He emphasized that national development can only be achieved when there is peace and stability; therefore, the Tatmadaw is taking responsibility for security operations to ensure that peace and stability. To carry out these security duties successfully, the Tatmadaw must remain robust, strong, and highly capable.

He noted that collective training is conducted in this manner so that service personnel can become proficient in fully utilizing the combat capabilities and modern weapon technologies provided by the State and the Tatmadaw. Therefore, to become physically fit and robust personnel capable of skillfully applying the military arts taught to them, they must continually train in accordance with the motto: **"Learn, Practice, Obey."** He added that personnel must constantly study evolving military sciences and military hardware to apply them practically on the battlefield. Furthermore, ongoing practice is essential to master the operation and maintenance of issued equipment. Personnel must keep abreast of modern military tactics and weaponry, adhering to tactical doctrines suited to their nation.

He highlighted that the Tatmadaw is a Union patriotic armed force composed of all national races. All units across the Tatmadaw—without distinction between infantry and supporting arms—must continuously train to remain in a state of combat readiness. Service personnel must uphold the quality and high standard of the Tatmadaw by carrying out their duties conscientiously and fully.

As members of the armed forces, they must strictly follow issued orders, directives, and legal rules and regulations. Strict discipline and oversight must be maintained to prevent any involvement with illicit drugs, promiscuity, or gambling.

He continued that national defence is an unavoidable duty for every citizen. Consequently, People's Military Service training courses are conducted systematically and up to standard. The conscientious graduates serving in battalions and units are carrying out their assigned duties brilliantly alongside their senior Tatmadaw comrades. Regular service personnel must serve as role models by abiding by the Tatmadaw's rules and regulations, becoming trustworthy and respected figures who guide national service members with fraternal spirit. He emphasized that esprit de corps means mutual loving-kindness, attachment, and loyalty among comrades—sharing fortunes and hardships alike, through life and death. Because Tatmadaw members take the Four Oaths of Allegiance, loyalty and integrity are essential.

He stated that each individual must train to maintain physical fitness to perform national defence and security duties, noting that each individual must regularly train by properly carrying out their daily routine tasks and duties.

Following the address, the Deputy Commander-in-Chief and party cordially greeted the instructor officers, other ranks, and trainees present.

Afterward, the Deputy Commander-in-Chief and party had lunch together with trainees at the local training school's dining hall and greeted them warmly.

Later, the General and party inspected the trainees' barracks, dining halls, and kitchens at local training schools in the Taikkyi and Indaing station areas to ensure orderliness, coordinating and fulfilling necessary requirements based on presentations by responsible officials. They then observed and encouraged People's Military Service trainees undergoing training sessions.

Continuing their tour, General Kyaw Swa Lin and party arrived at the Defence Services Martial Arts and Sports Institute in the Indaing garrison area. They inspected the trainees' barracks, dining hall, and sports facilities, observed training underway across various disciplines, encouraged the trainees, and coordinated necessary support with officials.

Next, the Deputy Commander-in-Chief of Defence Services and party visited the local Defence Services Youth Education Training School (Yemon). They observed and encouraged students attending Grades 10, 11, and 12, presenting supplies and cash awards to students and teachers. They then inspected the school's dining hall and kitchen facilities, providing necessary instructions and guidance to responsible officials.

100

# Einme Township to plant more than 2,300 acres of sunflower this year

**Einme October 5**

Daw Khin Htay Myint, head of Myaungmya District Agriculture Department, said that local farmers will grow 2,310 acres of sunflower in Einme Township of Ayeyawady Region this year.

In Einme Township, 2,310 acres of sunflower will be cultivated during this year's winter crop season, with planting scheduled to begin in the first week of October. The District and Township Departments of Agriculture, the local administrative body, and local farmers are jointly working to ensure that the planned acreage is fully cultivated.

"We have planned to cultivate 2,310 acres of sunflower in Einme Township. We have made advance arrangements to provide the necessary technical assistance before cultivation begins so that sunflower can be successfully cultivated and produced. Local farmers also have experience in growing sunflower in previous years, which will be helpful for cultivation this year. We will continue to provide assistance to ensure successful crop growth, increase yields, and protect the sunflower fields from pest infestations," said Daw Khin Htay Myint.

The Department of Agriculture is carrying out various measures to enable systematic and successful sunflower cultivation in Einme Township. These include providing field-based agricultural extension and technical training, supplying necessary agricultural inputs, implementing soil improvement measures, and providing technical guidance on the proper and systematic use of agricultural inputs.

Kyaw Kyaw Lin



A thriving sunflower plantation.

# 87 offenders of online scam and gambling activities arrested together with operation materials near Nalon Village of Hopong Township, Shan State (South)



Photo shows the place where arrests were made near Nalon Village of Hopong Township, Shan State (South).



Online scammers and gamblers arrested near Nalon Village of Hopong Township, Shan State (South).

**Nay Pyi Taw October 5**

The Government has been giving priority, as a national responsibility, to identifying, preventing and combatting online scam and gambling operators who illegally enter Myanmar across the border and pose serious threats to the socioeconomic well-being of not only local communities but also people around the world. It has also been coordinating with the governments of neighbouring countries to effectively identify, arrest and take action against such offenders. As part of these intensified efforts, online scam and gambling operators were identified and arrested in Hopong Township, Shan State (South) today, along with the equipment used in their activities.

Following reports from responsible local residents that individuals engaged in online scams and gambling in Hopong Township had been operating from temporary shelters they had constructed combined teams comprising security personnel conducting area security operations gathered information and carried out area security measures. As 75 Chinese nationals and 12 Myanmar citizens, totalling 87, who illegally crossed the border into Myanmar were committing online scam and gambling activities near Nalon Village, 21 kilometres southwest of Mongpun, Hopong Township, the combined team arrested those offenders at about 7 am today along with two residential plus workshop tents with 60 feet in length and 20 feet in width, one kitchen tent with 40 feet in length and 20 feet in width, one tent with 40 feet in length and 20 feet in width under construction, four Star Link sets, 17 all-in-one computers, two laptops and 524 assorted mobile phones.



The seized related accessories used in operating online scam and gambling activities.



The seized related accessories used in operating online scam and gambling activities.

Upon completion of conducting the necessary investigations of those arrested for involvement in online scams and gambling measures, effective action will be taken against them in accordance with the existing laws, while the confiscated equipment used in their operations will be handled in accordance with established procedures. Moreover, the illegally constructed residential and operational shelters will be systematically dismantled. Sustained efforts will continue, with particular emphasis, to eradicate online scam and gambling activities at their roots, prevent them from establishing operations, and eliminate such activities completely. 100

# Merchants supply 46,000 viss of tilapia fish to Yangon market in september

**Labutta October 5**

Daw Tin Nwe, the owner of seafood trading depot in Labutta Township of Ayeyawady Region, said that local merchants from Labutta Township supplied 46,000 viss of tilapia fish to Yangon market in September.

During August this year, only about 40,000 viss of tilapia fish could be shipped and sold from Labutta Township to the Yangon market. However, in September this year, shipments increased to as much as 46,000 viss of tilapia. Fishery product trading depots in the area purchase locally produced aquatic products, clean and process them systematically, and then ship them to the Yangon market for sale, according to reports.

"We mainly ship and sell aquatic products from this area to the Yangon market. Demand for tilapia fish in the domestic Yangon market is strong, so we have been able to ship and sell a considerable volume. As large quantities of fish are being shipped and sold, fishery operators and traders are also benefiting. As demand for fish has increased, we have also seen fish farmers expand their production by raising more fish," said Daw Tin Nwe.

Both farmed and naturally caught tilapia fish are available in Labutta Township. Tilapia shipped from the area to the Yangon market is currently fetching up to K18,500 per viss. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ရှေ့ဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကိုအတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ပေးပို့နိုင်ရေးဆွေးနွေးဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စီမံကိန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်မဖြစ်နိုင်ခြင်း၊ "အထွေထွေပိုလျှံရန်ပုံငွေ"(GRF)မှ လွှဲပြောင်းကျခံသုံးစွဲရန် မဖြစ်နိုင်ခြင်းစသည့်အခြေအနေများကြောင့် အသားတင်ထပ်မံလိုအပ်လာသည့် ငွေကိုသာ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် စိစစ်ခွင့်ပြုခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ထပ်မံလိုအပ်လာသည့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး အသုံးစရိတ်များ၊ ပြည်ပအကူအညီ၊ ချေးယူရငွေများနှင့် ဆက်နွှယ်သည့် အသုံးစရိတ်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်မူဝါဒ၊ လမ်းညွှန်ချက်အရ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းသစ်များနှင့် လုပ်ငန်းသစ်များအတွက် အသုံးစရိတ်များကို အဓိကထားပြီး ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားသည်ကို တွေ့ရကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေကို ပြည်ထောင်စုလွှတ်တော်က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးမှသာသုံးစွဲနိုင်မည်ဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေ သုံးစွဲနိုင်မည့်ကာလမှာလည်း လေးလခန့်သာရှိသည့်အတွက် ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်၊ MSME လုပ်ငန်းများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်ထိ တန်ဖိုးကွင်းဆက်တစ်လျှောက်ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးအတွက် **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့်လကကျင်းပခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မူဝါဒနှင့် Action Plan များအဖြစ်ပြောင်းလဲပြီး Agro-based Industries ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။



ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော ဆွေးနွေးတင်ပြစဉ်။



ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဆွေးနွေးတင်ပြစဉ်။

**ရငွေအပိုင်းတွင် နိုင်ငံတော်က အခွန်အခများပိုမိုရရှိစေရေးအတွက် အခွန်ငွေကို တိုးမြှင့်ကောက်ခံခြင်းထက် အမှန်တကယ်ကောက်ခံရရှိရမည့်အခွန်ငွေများကို အပြည့်အဝ မှန်မှန်ကန်ကန်ကောက်ခံရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စိစစ်ဆောင်ရွက်ကောက်ခံသွားကြရန်လို . . .**

**ဘဏ္ဍာငွေများသုံးစွဲရာတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့် သုံးစွဲမှုများဖြစ်စေရေးနှင့် မကုန်သင့်သည့်နေရာများတွင် အပိုသုံးစွဲမှုမဖြစ်စေရေးစနစ်တကျ စိစစ်သုံးစွဲသွားကြရန်လို . . .**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကအကျဆုံးဖြစ်သည့်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံပညာကဏ္ဍမှာလည်း KG+9 အဆင့်ထိ အားလုံးသင်ယူနိုင်ကြရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့်အတူ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးကိုလည်း ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **"လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ"**ဆိုသည့် ခံယူချက်ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်သည့်မူဝါဒများချမှတ်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က တွန်းအားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ပေါ်ပေါက်လာရေးအတွက် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာအသုံးစရိတ်များ၊ လျှပ်စစ်နှင့်စွမ်းအင်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအသုံးစရိတ်များအပါအဝင် အခြားကဏ္ဍများတွင်လည်း အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နှစ်စဉ်ခွင့်ပြုပေးလျက်ရှိကြောင်း။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုပေးထားသည့်ရန်ပုံငွေများနှင့် ယခုထပ်မံခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေများကို အကျိုးရှိထိရောက်စွာဖြင့် အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန်လိုကြောင်း။

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ရှင်းလင်းတင်ပြမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ ထိုသို့တောင်းခံမှုအပါအဝင် ရငွေ၊ သုံးငွေပြောင်းလဲမှုအရ ပြန်လည်ရေးဆွဲထားသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန်ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြမှုအခြေအနေ၊ ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ငွေလုံးငွေရင်းအသုံးစရိတ်အပိုင်းတွင် နိုင်ငံတော်၏ မူဝါဒ၊ လမ်းညွှန်ချက်အရ ယခုဘဏ္ဍာနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများအတွက် အသုံးစရိတ်များ၊ လွှတ်တော်ကတိကဝတ်ပြုခဲ့သည့် ကိစ္စရပ်များ အတွက်အသုံးစရိတ်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့်လုပ်ငန်းများ၊ လက်ရှိဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ထပ်မံရရှိရန်သေချာပြီး ဘဏ္ဍာနှစ်အတွင်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကို ဦးစားပေးစိစစ်၍ခွင့်ပြုပေးခဲ့မှုအခြေအနေ၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများမှ ပိုလျှံငွေအပ်နှံမှုများစွာမရှိစေရန်၊ ဘတ်ဂျက်ခန့်မှန်းမှု အားကောင်းလာစေရန်အတွက် အချို့သောဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို မူလခွင့်ပြုငွေအတွင်းပိုလျှံသော ခေါင်းစဉ်များမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ အထွေထွေပိုလျှံငွေ(GRF)သို့အပ်နှံပြီး ပြန်လည်သုံးစွဲခြင်းတို့ကို ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ရန် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယသမ္မတဒေါ်နန်းနီနီအေးက၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီး ပြည်ထောင်စုကထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများနှင့်စပ်လျဉ်း၍ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများနှင့် စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုကထပ်မံထောက်ပံ့ပေးရမည့်ဘဏ္ဍာငွေများကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးအတည်ပြုပေးနိုင်ရန် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း စိစစ်ပြီးစီးမှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေစိစစ်ပြီးစီးမှုအခြေအနေ၊ ပြည်ထောင်စု၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊ နိုင်ငံပိုင်နိုင်ငံခြားငွေအခြေအနေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ထောက်ခံမှုအခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အရ အနာဂတ်ကာလ

တွင် ဆောင်ရွက်သင့်သည့်အချက်များကို လည်းကောင်းအကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ရငွေအပိုင်းတွင် နိုင်ငံတော်ကအခွန်အခများ ပိုမိုရရှိစေရေးအတွက် အခွန်ငွေကို တိုးမြှင့်ကောက်ခံခြင်းထက် အမှန်တကယ်ကောက်ခံရရှိရမည့်အခွန်ငွေများကို အပြည့်အဝ မှန်မှန်ကန်ကန်ကောက်ခံရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စိစစ်ဆောင်ရွက်ကောက်ခံသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေများကို အပြည့်အဝ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ရငွေများပိုမိုတိုးတက်ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မိမိတို့ဒေသအလိုက် ဒေသ၏အားသာချက်များကိုအသုံးချ၍ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်လည်း အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲရာတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့် သုံးစွဲမှုများဖြစ်စေရေးနှင့် မကုန်သင့်သည့်နေရာများတွင် အပိုသုံးစွဲမှုမဖြစ်စေရေး စနစ်တကျစိစစ်သုံးစွဲသွားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်း၊ပြည်ထောင်စုကတိုင်းဒေသကြီးနှင့် ပြည်နယ်များကို ထောက်ပံ့ပေးရမည့်ငွေ၊၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီး ဖြစ်ကြောင်း၊ ဆွေးနွေးအတည်ပြုထားသည့် အတိုင်း ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း၊ Agro-based Industries များနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ဆင်းရဲမှု လျှော့ချရေးတို့အတွက် အရေးကြီးသည့် ပထမခြေလှမ်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည်လည်း အလွန်အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ **“လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှစီးပွားရေးဖွံ့ဖြိုးမည်”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူများသွားလာမှု ပိုမိုမြန်ဆန်စွာချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ကုန်းလမ်း၊ ရထားလမ်းနှင့် ရေကြောင်းလမ်း၊ လေကြောင်းလမ်းပို့ဆောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီအဆင့်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေး သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့်ပျက်စီးခဲ့ရသည့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် အဓိကကျသည့် ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများကို နှစ်စဉ်တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြချိန်တွင် ရငွေတိုးမြှင့်ရရှိသည့်ဌာနများရှိသကဲ့သို့ ရငွေလျော့နည်းသွားသည့် ဌာနများရှိကြောင်း၊ ရငွေများကို လျာထားသည့်အတိုင်း အပြည့်အဝ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့်အသုံးစရိတ်များနှင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်ဝစွာ အချိန်မီပြီးစီးစေရေး အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အလေအလွင့်မရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုများကိုလည်း စနစ်တကျစာရင်းစစ်ဆေးမှုခံယူနိုင်ကြရန်လည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျအကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်၊ လုပ်ငန်းကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ပိုလျှံငွေအများအပြားပြန်လည်အပ်နှံရမှုမဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အနေဖြင့် အဓိကကျသည့်ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများကို နှစ်စဉ်တိုးမြှင့်သုံးစွဲသွားမည်ဖြစ် . . .**

**ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များနှင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်ဝစွာ အချိန်မီပြီးစီးစေရေး အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အလေအလွင့်မရှိအောင် အကောင်အထည်ဖော်ဆောင်ရွက် . . .**

PPIB News

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါလျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက်တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်(မန္တလေး)
(င) ဆေးတက္ကသိုလ်(မကွေး)
(စ) ဆေးတက္ကသိုလ်(တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာ နှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင်ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ယာဉ်ထိန်းရဲတပ်ဖွဲ့**

☆ ကျောဖုံးမှအဆက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။




တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုက အစိုးရအပေါ် ယုံကြည်အားကိုးပြီး အဘက်ဘက်က နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ အကြမ်းဖက်လက်နက်ကိုင်များ၏လုပ်ရပ်များကြောင့် လမ်းတံတားများနှင့် အခြားအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် နိုင်ငံတော်က ဘဏ္ဍာငွေများ၊ လူ့စွမ်းအားနှင့်အချိန်များကို ထပ်မံအသုံးပြုရခြင်းကြောင့် မူလရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိ၊ အဆိုပါအခြေအနေသည် “သမင်မွေးရင်း ကျားစားရင်း” ဖြစ်နေသကဲ့သို့ တည်ဆောက်ခြင်း၊ ဖျက်ဆီးခံရခြင်း၊ ပြန်လည်တည်ဆောက်ခြင်း စသည်ဖြင့် လည်ပတ်နေရသဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအပေါ် များစွာထိခိုက်နှောင့်နှေးမှုများ ဖြစ်ပေါ်စေလျက်ရှိ. . .**

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ဖွံ့ဖြိုးဆဲ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ အားကောင်းလာစေရေး ဆောင်ရွက်သွားရန်မှာ အဓိကအရေးကြီးကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မလွဲမသွေ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ မကြာမီရက်ပိုင်းအတွင်း ခြောက်လ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွား ပြန်လည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုက အစိုးရအပေါ် ယုံကြည်အားကိုးပြီး အဘက်ဘက်က နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ နိုင်ငံ၏ဂျီဒီပီမှာ သုံးရာခိုင်နှုန်းခန့်တိုးတက်လာသည်ဟု အချက်အလက်များအရသိရှိရပြီး ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း နှေးကွေးလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအားနည်းပြီး နိုင်ငံ၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေရခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် ကုန်ထုတ်လုပ်ငန်းများတွင် စွမ်းအားပြည့်အလုပ် မလုပ်ကြခြင်းများကြောင့်လည်း စီးပွားရေးအရ အားနည်းခြင်းများကို တွေ့ရကြောင်း၊ ထိုသို့ နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး စီးပွားရေးအရ ပိတ်ဆို့မှုများနှင့် ဘဏ္ဍာရေးအရ အကူအညီများမရရှိခြင်း၊ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက် အပြည့်အဝမရရှိခြင်း၊ ကုန်သွယ်မှုများကျဆင်းခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အနေဖြင့် စွမ်းအားပြည့်လုပ်ဆောင်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် လုံခြုံရေး ထိခိုက်လာကာ ကုန်ထုတ်လုပ်မှု၊ဝန်ဆောင်မှုနှင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို အားနည်းလာစေခြင်းဖြစ်ကြောင်း။

အကြမ်းဖက် လက်နက်ကိုင်များ၏ လုပ်ရပ်များကြောင့် လမ်းတံတားများနှင့် အခြားအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် နိုင်ငံတော်က ဘဏ္ဍာငွေများ၊ လူ့စွမ်းအားနှင့်အချိန်များကို ထပ်မံအသုံးပြုရခြင်းကြောင့် မူလရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ အခြေအနေသည် “သမင်မွေးရင်း ကျားစားရင်း” ဖြစ်နေသကဲ့သို့ တည်ဆောက်ခြင်း၊ ဖျက်ဆီးခံရခြင်း၊ ပြန်လည်တည်ဆောက်ခြင်း စသည်ဖြင့် လည်ပတ်နေရသဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအပေါ် များစွာထိခိုက်နှောင့်နှေးမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန် အကန့်အသတ်များဖြစ်ပေါ်လျက်ရှိကြောင်း။

နိုင်ငံမတည်ငြိမ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုသို့သောအခြေအနေတွင် မိမိတို့အနေဖြင့် မိမိတို့ကြိုးစားလုပ်ကိုင်နိုင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမူ ဆောင်ရွက်၍ရနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ရရှိရေးနှင့်အထွက်နှုန်းများတိုးမြှင့်ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံအတွင်းကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်သားအရင်းအမြစ်များ ရှိရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်နေကြမှုများလည်းရှိပြီး ပြည်တွင်း၌ လုပ်သားအင်အားဆုံးရှုံးမှုများလည်းရှိကြောင်း၊ ထို့ပြင်မိမိတို့နိုင်ငံ၌ ပညာတတ် လူသားအရင်းအမြစ်များ အားနည်းပြီး အများစုမှာကိုယ်ကာယပိုင်းကိုအားပြု၍ လုပ်ကိုင်ရသည့်လုပ်ငန်းများတွင်သာ လုပ်ကိုင်ကြရကြောင်း။

ထို့ပြင် နယ်မြေမတည်ငြိမ်မှုဖြစ်ပေါ်လျက်ရှိသည့် ဒေသများတွင်မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ခိုးယူသုံးစွဲခြင်းများပြုလုပ်၍ ပြည်ပနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ တင်ပို့နေကြသဖြင့် နိုင်ငံအတွက်ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ တစ်ဦးချင်း၏ ကိုယ်ကျိုးအတွက် တရားမဝင်သည့် နည်းလမ်းများဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေများရှာဖွေရရှိနေကြခြင်းကြောင့် တရားဝင်ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မှုများ အားနည်းပြီး လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါဒေသများတွင် ဆက်လက်တည်မြဲနေခြင်းဖြစ်ကာ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်လျက်ရှိနေခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အစဉ်တစိုက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားနည်းချက်များစွာရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်စီးပွားရေးကို ကွဲပြားစွာသိမြင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ကွဲပြားစွာသိမြင်နိုင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေမှုများသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မိမိအနေဖြင့် ပြည်တွင်း၌ ဆီထွက်သီးနှံများ အောင်မြင်စွာဖြစ်ထွန်းပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြည်တွင်းစားသုံးမှုဖူလုံအောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အမြဲမပြတ်လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုအတွက်လိုအပ်သည့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရရှိရေး ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံအောင်ထုတ်လုပ်ပြီး ပိုလျှံမည်ဆိုပါက ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့် ဈေးကွက်လိုအပ်ချက်များ ရှိပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အောင်မြင်စွာထွက်ရှိစေရေးအတွက်လည်း လိုအပ်သည့် သွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် အခြားအခြေခံလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာအောင် ဒေသအလိုက်တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် ရော်ဘာထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် ရော်ဘာကို အခြေခံသည့် မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာများ၊ ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် အမြဲမပြတ်အလေးထားမှာကြားလျက်ရှိကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်မျှင်၊ ချည်ထည်၊ ပိတ်၊ အထည်အလိပ် စသည်ဖြင့် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုဖြစ်ပေါ်စေပြီး ဝင်ငွေများ တိုးတက်ရရှိစေနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်တို့အပါအဝင် မီးဖိုချောင်သုံး အခြေခံစားကုန်သီးနှံများသည်လည်း ဒေသတွင်းဈေးကွက်လိုအပ်ချက် မြင့်မားစွာ ရှိနေသည့်အတွက် အထွက်နှုန်းများ တိုးတက်ရရှိရေး၊ ဈေးကွက်တိုးမြှင့်ရရှိရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အသားထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့်

စာမျက်နှာ ၁၉ သို့

**အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း ပြင်းထန်ဆိုးရွားသည့် အပူဒဏ်လွန်ကဲမှုကို ရင်ဆိုင်ကြုံတွေ့လာရနိုင်သည်ဟု သုံးသပ်မှုများရှိနေ၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို အလေးထား ဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီထိ အယ်လ်နီညိုရာသီဥတု ပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံ စားသောက်၍ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်ထိ စိုက်ပျိုးခြင်း၊ မွေးမြူရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်လို. . .**

**စာမျက်နှာ ၁၈ မှအဆက်**

ရေထွက်ကုန်များကိုလည်း အထွက်နှုန်းများတိုးတက်ရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပဈေးကွက်လိုအပ်ချက်မြင့်မားစွာ ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေး အားကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်နေသည်မှာ မှန်မှန်ကန်ကန်နှင့် ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး တိုးတက်စေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားနိုင်မည်ကို စဉ်ဆက်မပြတ်တွေးခေါ် စီမံဆောင်ရွက်နေရန်လိုကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုသကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင် ရွက်သွားကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုများနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုတိုးတက်လာစေရေးနှင့် စားသုံးမှုဖူလုံမှုရှိစေရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး မြှင့်တင်နိုင်ရေးအတွက် အားလုံးက အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း။

ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အရည်အသွေးကောင်းသည့် ဆန်များကို ပြည်ပသို့တင်ပို့လျက်ရှိပြီး ပို့ကုန်ပမာဏတိုးမြှင့်ရရှိနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများစိုက်ပျိုးရန်၊ ဆန်စက်များ အရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ရရှိရန်လိုကြောင်း၊ ဆန်ထုတ်လုပ်မှုနှင့်အတူ ဆန်ကွဲများကို ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းများ ဆောင်ရွက်ခြင်းအစား အရည်အသွေးမြင့် ထုတ်ကုန်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဆိုပါက ဝင်ငွေတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံများအလိုက်ခန့်အပ်ထားသည့် စီးပွားရေးဆိုင်ရာသံမှူးများအနေဖြင့်လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်များ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်နေကြရန်လိုကြောင်း။

**အယ်လ်နီညို ရာသီဥတုကြောင့်ဖြစ်ပေါ်လာနိုင်သည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်**

အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း ပြင်းထန်ဆိုးရွားသည့် အပူဒဏ်လွန်ကဲမှုကို ရင်ဆိုင်ကြုံတွေ့လာရနိုင်သည်ဟု သုံးသပ်မှုများရှိနေကြောင်း၊ မကြာမီ မိမိတို့နိုင်ငံ၌ ဆောင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သော်လည်း အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ မြေအောက်ရေခန်းခြောက်မှုများ ကြုံတွေ့ရနိုင်ကြောင်း၊ လက်ရှိအချိန်၌ပင် အချို့သောမြို့နယ်များ၌ ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားနေမှုများကို တွေ့မြင်ရကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလ မတိုင်မီထိ အယ်လ်နီညိုရာသီဥတု ပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ရေများ သိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံ စားသောက်၍ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်ထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်မှာကြားရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး မည်ကဲ့သို့ဆောင်ရွက်သွားနိုင်မည်ကို မိမိတို့ဘဝတစ်လျှောက် ဖတ်မှတ်လေ့လာခဲ့ရသည့် အသိပညာဗဟုသုတများ၊ ဖြတ်သန်းကြုံတွေ့သိရှိခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကိုအသုံးချ၍ စီမံတွက်ချက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စေတနာထား၍ အလေးထားဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် အားသာချက်များရှိသည်များကိုအသုံးချပြီး ကိုယ်စီရည်မှန်းချက်ပန်းတိုင်များထားရှိ၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဖတ်ကြားသည်။

ထို့အတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမေစန်းရီက ဖတ်ကြားသည်။

အဆိုပါအခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့်ထူးချွန်ဆရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ စံပြဆုရရှိခဲ့သည့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို နှစ်စဉ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘာ့နိုင်ငံများ၌ ကျင်းပကြပြီး ယနေ့ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ဂုဏ်ထူးဆောင် ဆရာကြီး၊ ဆရာမကြီး ၁၀ ဦး၊ ထူးချွန်ဆုရရှိသူ ဆရာ၊ ဆရာမ ငါးဦးအပါအဝင် ဂုဏ်ပြုဆုရရှိသူ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၆ ဦးတို့ကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ရန်ကုန်တက္ကသိုလ် CRI တွင် ကျင်းပသော Area Studies Centre ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး၊ တရုတ်နှင့် ကိုရီးယားသံရုံးများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ Area Studies Centre အတွင်း ကြည့်ရှုအားပေးကာ အဆိုပါအဆောက်အအုံခန်းမတွင် ကျင်းပသည့် China Studies Conference 2026 ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရန်ကုန်ရုံးခွဲသို့သွားရောက်၍ ယခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် online booking စနစ်ဖြင့် အမှတ်စာရင်းများ၊ အောင်လက်မှတ်များ စနစ်တကျထုတ်ပေးနေမှုနှင့် စာမေးပွဲဆိုင်ရာမှတ်တမ်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ




နေပြည်တော်   အောက်တိုဘာ ၅

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၉ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးကျော်ဝင်းဦး၏ **၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးနှင့် ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပွားခဲ့သည့် ငလျင်ဖြစ်စဉ်ကြီးများအပေါ် သင်ခန်းစာယူပြီး မြန်မာနိုင်ငံတွင် အလားတူငလျင်ကြီးများ မတော်တဆထပ်မံလှုပ်ခတ်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် မန္တလေးငလျင်ကြီးဖြစ်စဉ်တွင် လာရောက်ကူညီဆောင်ရွက်ခဲ့သည့် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနည်းတူ နိုင်ငံတကာအဆင့်မီ ဆက်လက်ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များအပါအဝင် အခြားသောဘေးအန္တရာယ်များဖြစ်ပွားလာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သန္နေ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၁၆ ဦးစီပါဝင်သော တပ်ခွဲ ၁၇ ခွဲ၊ မြို့နယ်၊ မြို့တစ်ခုလျှင် သန္နေ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးစီပါဝင်သော တပ်စု ၃၃၃ စု စုစုပေါင်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အား ၁၃၆၂၇ ဦးတို့ကို ဖွဲ့စည်း၍ အသင့်စုဖွဲ့လေ့ကျင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များထဲမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၃၀ ကို ရွေးချယ်စုဖွဲ့၍ ပြင်သစ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မြို့ပြရှာဖွေကယ်ဆယ်ရေးနည်းပြများဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် လေ့ကျင့်သင်ကြားပေးခဲ့ပါကြောင်း၊ ထို့ပြင် ဌာနတွင်းဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း စိစစ်ရွေးချယ်၍ မြို့ပြရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသတွင်းအဆင့်မှသည် နိုင်ငံတကာအဆင့်ထိ ပါဝင်ဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့ (International Search and Rescue Advisory Group–INSARAG)နှင့်အညီ မြို့ပြကယ်ဆယ်ရေးအဖွဲ့(USAR Medium Team)ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အတူ ပူးပေါင်းရှာဖွေကယ်ဆယ်ဆောင်ရွက်ရာ၌ ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို အစီရင်ခံစာဖြင့် တင်ပြဆောင်ရွက်ခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မီးသတ်ဦးစီးဌာနတွင် "ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Team) နှစ်ဖွဲ့ကို နိုင်ငံတကာအဆင့်မီပြင်ဆင်ဖွဲ့စည်းရန်အတွက် လိုအပ်သောပစ္စည်း ၃၄ မျိုးနှင့် ဆရာဝန်၊ ယာဉ်လိုအပ်ချက်များကို တင်ပြသွားရန်"ဟု လမ်းညွှန်မှုပြုခဲ့သည့်အပေါ် တင်ပြဆောင်ရွက်ခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

အထက်ပါခွင့်ပြုချက်အရ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)နှင့် မီးသတ်ဦးစီးဌာန (နေပြည်တော်)တို့တွင် Medium Team အဆင့်ရှိ USAR Team နှစ်ဖွဲ့တို့ကို ဖွဲ့စည်းလေ့ကျင့်ခြင်း၊ နိုင်ငံတော်က အဆိုပါအဖွဲ့ နှစ်ဖွဲ့အတွက် လိုအပ်သည့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် လုပ်ငန်းသုံးယာဉ်များကို ဝယ်ယူဖြည့်တင်းပေးခြင်း၊ ဆရာဝန်၊ သူနာပြု စုစုပေါင်း ရှစ်ဦးတို့ကိုခန့်ထားပေးခြင်း၊ ရှာဖွေရေးခွေး(Canine) ကိုးကောင်ကို မွေးမြူပြီး အခြေခံအမိန့်နာခံမှုနှင့် ရှာဖွေရေးနည်းစနစ်သင်တန်းသို့ တက်ရောက်စေ၍ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို အပြည်ပြည်ဆိုင်ရာရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့၏ အသိအမှတ်ပြုအဖွဲ့အဖြစ် ဖွဲ့စည်းအစစ်ဆေးခံခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနေဖြင့် နှစ်နှစ်အတွင်း IEC အောင်မြင်စွာ စစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သောပြိုကျအဆောက်အအုံသဏ္ဌာန်တူပုံစံ (Simulator)များ တည်ဆောက်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်း၊ တပ်ဖွဲ့ဝင်များ၏လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် INSARAG Classified ရရှိပြီးဖြစ်သည့် နိုင်ငံများသို့ လေ့လာသူ(Observer)အဖြစ်သွားရောက်လေ့လာခြင်းနှင့် UCC (USAR Coordination Cell), ICMS (INSARAG Coordination Management System) စသည့် လိုအပ်သောသင်တန်းများကို တက်ရောက်စေခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်ပြီးပါက လာရောက်စစ်ဆေးသူ(Classifier)များ ဖိတ်ကြားခေါ်ယူ၍ ၃၆ နာရီကြာ သဏ္ဌာန်တူဖြစ်စဉ်ဖွင့် လေ့ကျင့်သရုပ်ပြမှုဆောင်ရွက်ပြီး INSARAG Classified ရရှိရေး စစ်ဆေးခံနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မန္တလေးငလျင်ကြီးဖြစ်စဉ်အတွင်း နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုမှရရှိခဲ့သည့် အတွေ့အကြုံနှင့် သင်ခန်းစာများကိုအခြေခံ၍ လေ့ကျင့်ဆောင်ရွက်ထားပြီးဖြစ်သော ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုမြှင့်တင်ပြီး INSARAG အသိအမှတ်ပြု Medium USAR Team များအဖြစ် အရည်အသွေးပြည့်ဝစွာ ဖွဲ့စည်းနိုင်ရေး၊ လေ့ကျင့်ရေး၊ ပစ္စည်းကိရိယာဖြည့်တင်းရေးနှင့် နိုင်ငံတကာအဆင့် အကဲဖြတ်အသိအမှတ်ပြုခံရရေးတို့ကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးဇော်ဝင်းသန့်၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပိုင် ရဲစုတောင်ရပ်ကွက် အစိတ်အပိုင်းကို မှော်ဘီမြို့နယ်အပိုင်သို့ ပြောင်းရွှေ့ရမည်ဆိုသည့်ကိစ္စရပ်ကို ဆိုင်းငံ့၍ မင်္ဂလာဒုံမြို့နယ် နယ်နိမိတ်အပိုင်အဖြစ် ဆက်လက်ထားရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မင်္ဂလာဒုံမြို့နယ် ရဲစုတောင်ရပ်ကွက် အစိတ်အပိုင်းသည် မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့အနက် မည်သည့်မြို့နယ်အတွင်း တည်ရှိပါဝင်ကြောင်း နယ်နိမိတ်ပိုင်းခြားသတ်မှတ်နိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးရှိ မှတ်တမ်းအထောက်အထားများ စိစစ်ပြုစုခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းနှင့် ပြည်သူလူထုအမြင်သဘောထား စစ်တမ်းရယူခြင်းတို့ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မင်္ဂလာဒုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် မှတ်တမ်းပြုစုစိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ယင်းစိစစ်သုံးသပ်ရေးအဖွဲ့၏ အစီရင်ခံစာတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက် ကွင်းအမှတ်(၅၂၆ – က)၏ အစိတ်အပိုင်းနှင့် ကွင်းအမှတ်(၅၂၅ – ခ)၏ အစိတ်အပိုင်းတို့သည် မှော်ဘီမြို့နယ်အပိုင်တွင် တည်ရှိသော်လည်း မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်မှုအောက်တွင်သာ အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ သန်းခေါင်စာရင်း၊ မွေးစာရင်းကိစ္စ၊ ဒေသဖွံ့ဖြိုးရေး၊ အခွန်အခပေးဆောင်ခြင်းဆိုင်ရာကိစ္စ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားသောလူမှုရေးကိစ္စရပ်များ ဆောင်ရွက်လုပ်ကိုင်နေကြသည့်အတွက် အဆိုပါအစိတ်အပိုင်းတွင် နေထိုင်ကြသည့် ပြည်သူများ၏ အုပ်ချုပ်မှုကိစ္စအဝဝကို မင်္ဂလာဒုံမြို့နယ်က စိစစ်ဆောင်ရွက်၍ မြေယာစီမံခန့်ခွဲမှုတွင် မှော်ဘီမြို့နယ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြထားရှိပါကြောင်း။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်၏ အစိတ်အပိုင်းဖြစ်သည့် ကွင်းအမှတ်(၅၂၆ – က)၏ အစိတ်အပိုင်းနှင့် ကွင်းအမှတ်(၅၂၅ – ခ)၏ အစိတ်အပိုင်းတို့သည် မှော်ဘီမြို့နယ်တွင်တည်ရှိသော်လည်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ဖွဲ့စည်းစဉ်ကပင် အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ သန်းခေါင်စာရင်း၊ မွေးစာရင်းကိစ္စ၊ ဒေသဖွံ့ဖြိုးရေး၊ အခွန်အခပေးဆောင်ခြင်းဆိုင်ရာကိစ္စ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားသောလူမှုရေးကိစ္စရပ်များကို မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်မှုအောက်တွင်သာ ဆောင်ရွက်လုပ်ကိုင်နေထိုင်လျက်ရှိသဖြင့် အဆိုပါမြေအစိတ်အပိုင်းတွင် နေထိုင်ကြသော ပြည်သူများ၏အုပ်ချုပ်မှုကိစ္စအဝဝကို မင်္ဂလာဒုံမြို့နယ်ကစီမံဆောင်ရွက်၍ မြေယာစီမံခန့်ခွဲမှုများကို မှော်ဘီမြို့နယ်က စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးခင်မောင်သန်း၏ **မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နှင့် အောင်လံခရိုင် အောင်လံမြို့ကြားတွင် တည်ဆောက်နေသော ဧရာဝတီမြစ်ကူးတံတား (သရက် – အောင်လံ) စီမံကိန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဧရာဝတီတံတား(သရက် – အောင်လံ) တည်ဆောက်ခြင်းကို ၂၀၁၈–၂၀၁၉(ခြောက်လ)ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ထိ တံတားတစ်စင်းလုံးပြီးစီးမှုရာခိုင်နှုန်းမှာ ၅၅ ရာခိုင်နှုန်းဖြစ်ပြီး ပင်မတံတားအပေါ်ထည်လုပ်ငန်းဖြစ်သည့် ၁၄၄ မီတာ သံဘောင် ၁၂ ခန်း တပ်ဆင်ခြင်းနှင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေပါကြောင်း၊ စုစုပေါင်း သံဘောင် ၁၂ ခန်းအနက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် သံဘောင်တပ်ဆင်ခြင်းလုပ်ငန်း ၁၄၄ မီတာ ငါးခန်းနှင့် ပင်မတံတား ကြိုတင်သွန်းလောင်းကွန်ကရစ်ကြမ်းခင်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် သံဘောင်တပ်ဆင်ခြင်းလုပ်ငန်း ၁၄၄ မီတာ ခုနစ်ခန်းနှင့် ပင်မတံတား ကြမ်းခင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ်တွင် တံတားအချောသပ်လုပ်ငန်းများနှင့် တံတားပေါ် AC ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ဧရာဝတီတံတား(သရက်–အောင်လံ) တည်ဆောက်ရေးစီမံကိန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများကို ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ်တွင် ပြီးစီးနိုင်ရေး ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေများတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးသိန်းဇော်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ ပန်းဆွဲ – တောင်ညိုလမ်း၏ ပျက်စီးနေသောလမ်းပိုင်းများကို ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ရန်ကုန်–ပြည်လမ်းပေါ်ရှိ သုံးဆယ်မြို့မှတစ်ဆင့် ပန်းဆွဲရွာ၊ သာယာကုန်းရွာ၊ ကျေးလူးရွာ၊ စည်ပင်ရွာ၊ တောင်ညိုရွာတို့ကို ဆက်သွယ်ထားသော အရှည် ၆ မိုင် ၇ ဖာလုံရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျောက်ခင်းလမ်းအရှည် တစ်ဖာလုံကို ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျောက်ခင်းလမ်းအရှည် တစ်ဖာလုံ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပျက်စီးနေသော လမ်းပိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက် ဦးစားပေး လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတော-ရိုးစုံလမ်းမကြီးကို ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် အသုံးပြုနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ဝမ်းတွင်းမြို့နယ် သဲတောရွာမှ ကူမဲမြို့နယ်-သာစည်မြို့နယ်ကို ဆက်သွယ်ထားသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ကို ချိတ်ဆက်ထားသည့် လမ်းအရှည် ခြောက်မိုင်ရှိသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လမ်းအရှည် သုံးဖာလုံကို ကျောက်လမ်းပြုပြင်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းအရှည် လေးဖာလုံကို ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် ကျောက်လမ်းပိုင်းကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးညဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကံမော်ကျေးရွာအုပ်စု ကံမော်ကျွန်းပတ်ကျေးရွာချင်းဆက်လမ်း (ဝန်ပြေး – အကျော်တောင်) မြေသားလမ်းအရှည် နှစ်မိုင်ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် တောကာ -မော်ခေါင်းတုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ၁၀၀ ပေ x ၁၂ ပေ x ၁၀ ပေရှိ တံတားဟောင်းကို သံကူကွန်ကရစ်တံတားအဖြစ် ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် ကံမော်-တောကာ-မော်ခေါင်းတုံးလမ်းတွင်ပါဝင်ပြီး ကံမော်ကျေးရွာ၊ တောကာကျေးရွာနှင့် မော်ခေါင်းတုံးကျေးရွာတို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းအရှည်မိုင်၂၀ ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ကံမော်ကျွန်းပတ်ကျေးရွာချင်းဆက်လမ်း (ဝန်ပြေး-အကျော်တောင်)လမ်းပိုင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပထမအဆင့်အနေဖြင့် အမာခံလမ်းအရှည် နှစ်မိုင်ရှိသည့်အနက် တစ်မိုင်ကို ကျောက်ခင်းလမ်းဆောင်ရွက်နိုင်ရန် လျာထားသွားမည်ဖြစ်ပြီး ကျန်ရှိသောအမာခံလမ်းပိုင်းကို ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ကျောက်လမ်းခင်းခြင်းလုပ်ငန်း အားလုံးပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက်ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းဖြစ်သည့် တောကာ-မော်ခေါင်းတုံးလမ်းပိုင်းရှိ အလျားပေ ၁၀၀၊ အကျယ် ၁၂ ပေ သစ်သားတံတားဟောင်းကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်နိုင်ရန် ပွင့်လင်းရာသီအချိန်တွင် ကွင်းဆင်းစစ်ဆေး၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီး တံတား Design အတည်ပြုချက်ရရှိပြီး တံတားတည်ဆောက်ရန် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးဟိန်းမင်းဦး၏ **မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မန္တလေးမြို့နှင့် မြန်မာနိုင်ငံမြောက်ပိုင်းမြို့များသို့ အဓိကဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည့် မန္တလေး – မိုးကုတ် – သပိတ်ကျင်း၊ တကောင်း-ထီးချိုင့် – ဗန်းမော် – မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ်(၁/၆၈)ကို အမြန်ဆုံးပြန်လည်တည်ဆောက်ပေးရန်နှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း ပျက်စီးနေသောလမ်းလွှဲ လေးဖာလုံခန့်ကိုပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တံတားအမှတ်(၁/၆၈) ဇရပ်ကွင်းတံတားသည် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မန္တလေး-မိုးကုတ်လမ်း၊ မိုင်တိုင်(၆၇/၂)နှင့် (၆၇/၃)ကြားရှိ မတ္တရာမြို့နှင့် မိုးကုတ်မြို့ကြားတွင် တည်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် တံတားအပေါ်ထည် ကြမ်းခင်းပေါက်ပြဲပြီး ရေလယ်တိုင်တစ်တိုင် နိမ့်ကျပျက်စီးခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက အရှည်ပေ ၁၀၀ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ တံတားခံနိုင်ဝန် တန် ၃၀ ဖြင့် ယာဉ်များဖြတ်သန်းခွင့်ပြုခဲ့ပြီး တန် ၃၀ ထက် ယာဉ်များ ပေ ၂၀၀၀ ခန့်ရှိသော ယာယီလမ်းလွှဲမှ ဖြတ်သန်းသွားလာလျက်ရှိပါကြောင်း။

အဆိုပါတံတားနေရာတွင် တန် ၆၀ ခံနိုင်သည့် ပေ ၁၀၀ အရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇရပ်ကွင်းတံတားအသစ် မတည်ဆောက်မီနှင့် တည်ဆောက်စဉ်ကာလအတွင်း ယာယီလမ်းလွှဲမှ မော်တော်ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရန် ကျောက်ရောမြေအဆင့်ထိ ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး B.O.T ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှားလွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှားလွှတ်တော်တို့နှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ-မလေးရှားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန့်တို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦး၊ မြန်မာ-အင်ဒိုနီးရှားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၈) ဦးအောင်တင်မြင့်နှင့် အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီးမျိုးမင်းသိန်းတို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှားလွှတ်တော်တို့နှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့အသိပေးတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က ပြင်ဆင်ချက်ဥပဒေကြမ်းတွင် ကျန်ရှိသည့် ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးခြင်းများ မူလဥပဒေပုဒ်မ ၁၁(ဃ)တွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သူ လွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်မရှိစေရန် ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ မူလဥပဒေပုဒ်မ ၁၁-က တွင် နိုင်ငံရေးပါတီတစ်ခု မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခံရပါက ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်ကို ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိတော့ကြောင်း ပြင်ဆင်ခြင်း၊ ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၂၈ တွင် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းထုတ်ပြန်ပြီးနောက် ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်နိုင်ခွင့်ရှိကြောင်းပြင်ဆင်ခြင်း စသည့် ပြင်ဆင်၊ အစားထိုးဖြည့်စွက်ပြဋ္ဌာန်းချက်များသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုအဆင်ပြေစေသည့် ပြင်ဆင်ချက်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်က ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များကိုသာ မဲဆွယ်စည်းရုံးခွင့်ပေးထားပြီး အောက်ခြေအဆင့်ဆင့် ပါဝင်စည်းရုံးနိုင်ခွင့်ကို ကန့်သတ်ထားခြင်းသည် ဗဟိုကိုအခြေပြုထားခြင်းဖြစ်သောကြောင့် ဒီမိုကရေစီစံနှုန်းကို လျော့ကျစေခြင်း၊ နိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲအပေါ် လူထုစိတ်ဝင်စားမှု လျော့ကျစေနိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီရှင်သန်ရေးကို အဟန့်အတားဖြစ်စေခြင်းတို့ကို ကြုံတွေ့ရနိုင်ပါကြောင်း၊ မြောက်မြားစွာသော မဲဆန္ဒနယ်များသို့ မဲဆွယ်စည်းရုံးရေးကို ဆောင်ရွက်ရန် လက်ရှိပါတီအသီးသီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အင်အားနှင့် မည်သို့မျှမဖြစ်နိုင်ပါကြောင်း၊ အလုပ်အမှုဆောင်တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် ကော်မရှင်၏ ညွှန်ကြားချက်များနှင့် အခြားသောစုံစမ်းစစ်ဆေးရေးဆိုင်ရာဌာနစုံများက ပါတီအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ နောက်ကြောင်းရာဇဝင်များရယူခြင်း စသည့် နောက်ဆက်တွဲရင်ဆိုင်နေရသည့်အခြေအနေရှိနေခြင်းတို့ကြောင့် လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲဖြစ်နေရသည်ကို တိုင်းရင်းသားပါတီများ အသိဆုံးပင်ဖြစ်ပါကြောင်း၊ မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ကြရသည့် နိုင်ငံရေးပါတီအသီးသီးကလည်း ထိုအခက်အခဲကို သိရှိကြပါကြောင်း။

ထို့ကြောင့် ပါတီစုံဒီမိုကရေစီရှင်သန်အားကောင်းစေရေး၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအပေါ် လူထုယုံကြည်မှု အားကောင်းလာစေရေး၊ မျှတသော မဲဆွယ်စည်းရုံးနိုင်ခွင့်ရှိစေရေး၊ အားလုံးပါဝင်လှုပ်ရှားခွင့်ရှိသော မဲဆွယ်စည်းရုံးရေးဆောင်ရွက်နိုင်စေရေးတို့အတွက် အဘက်ဘက်ကပြန်လည်သုံးသပ်ပြီး နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ ဆိုသည့်စကားရပ်အစား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တိုက်ကြီးတပ်နယ်၊ အင်းတိုင်တပ်နယ်၊ ရဲမွန်တပ်နယ်တို့ရှိ သင်တန်းကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ယနေ့ နံနက်ပိုင်းတွင် တိုက်ကြီးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းသို့ သွားရောက်၍ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားသည်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တိုက်ကြီးတပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ နည်းပြ အရာရှိ၊ စစ်သည်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင် လမ်းညွှန်မှုအောက်တွင် နိုင်ငံတော် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်များကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က ဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီလက်နက်နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန် ယခုကဲ့သို့ စုဖွဲ့လေ့ကျင့်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်သင်ကြားပေးနေသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့် ကျန်းမာကြံ့ခိုင်သော တပ်မတော်သားများဖြစ်ရန် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမြဲတမ်းလေ့ကျင့်သွားကြရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် စစ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ပြင် မိမိတို့အသုံးပြုရသည့်စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေး အစဉ်တစိုက်လေ့ကျင့်နေကြရန်လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာမှတ်သားပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများ အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စု မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်အတွင်းရှိ တပ်ဖွဲ့အားလုံးသည် ခြေလျင်၊ လက်ရုံး မခွဲခြားဘဲ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏အရည်အသွေး၊ တပ်မတော်၏အဆင့်အတန်းကိုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စ၊ အပျော်အပါးနှင့် လောင်းကစားဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းများကို စနစ်တကျဖြင့် အဆင့်အတန်းမီစွာ လေ့ကျင့် သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်း နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို နှောင်တော် တပ်မတော်သားများနှင့် လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအနေဖြင့် တပ်မတော်က ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်ဦးချင်းစီက စံနမူနာပြနေထိုင်ကျင့်ကြံလိုက်နာ၍ လေးစားယုံကြည်ရသူများဖြစ်ရန် လိုအပ်ပြီး ပြည်သူ့စစ်မှုထမ်းများကို ညီအစ်ကိုစိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ကြဖို့လိုကြောင်း၊ "ရဲဘော်စိတ်" ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများဖြစ်၍ သေအတူ ရှင်မကွာဆိုသည့်စိတ် သာအတူ နာအတူဆိုသည့် စိတ်ထားခံယူချက်များ ထားရှိသွားရန်လိုကြောင်း၊ တပ်မတော်သားများသည် သစ္စာလေးချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် သမားစဉ်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်၍ လေ့ကျင့်နေကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ပြောင်းလဲတိုးတက်နေသည့် စစ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လို၊ ခေတ်သစ်စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာမှတ်သားပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လို. . .**

၎င်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းရှိ သင်တန်းသား စားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးတပ်နယ်နှင့် အင်းတိုင်တပ်နယ်တို့ရှိ နယ်မြေခံသင်တန်းကျောင်းများမှ သင်တန်းသားအိပ်ဆောင်များ၊ စားရိပ်သာများနှင့် စားချက်ဆောင်များ စနစ်တကျရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ သင်ခန်းစာလေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ တပ်မတော် ကိုယ်ခံပညာနှင့်အားကစားသိပ္ပံသို့ရောက်ရှိကြပြီး သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ အားကစားခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားရုံအတွင်း သင်တန်းများအလိုက် လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း(ရဲမွန်)သို့ သွားရောက်၍ Grade–10၊ Grade–11၊ Grade–12 တို့တွင် ကျောင်းသားများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ယင်းနောက် သင်တန်းကျောင်း စားရိပ်သာနှင့် စားချက်ဆောင်များ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ နေရပ်ပြန်မည့်သူများကို စနစ်တကျနေရာချပေး

**မန္တလေး အောက်တိုဘာ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက အမိနိုင်ငံသားများအပေါ် အလေးအနက်ထား ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ပြန်လည်စေလွှတ်လိုက်သော မန္တလေးတိုင်းဒေသကြီးအတွင်းမှ နေရပ်ပြန်မည့်သူများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ခေတ္တနားခိုနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို စနစ်တကျဆောင်ရွက်ပေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်းရှိ အိပ်ဆောင်များတွင် ခေတ္တနားခိုနေထိုင်နေကြသည့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ကိုးခုမှ နေရပ်ပြန်မည့်သူ ဦးရေ ၆၀ ကို စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ နွေးထွေးစွာအားပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို ခေတ္တနားခိုနေထိုင်စဉ်အတွင်း အခက်အခဲမရှိစေရန် ဝိုင်းဝန်းပူးပေါင်း၍ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်.စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၄ ခုကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၁ နာရီတွင် ရပ်နားသည်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“နိုင်ငံတွင်း ပညာတတ်လူငယ် ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၇-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၄-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**✱ အားကစားပြိုင်ပွဲများမှ**

မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၆ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ (၁) မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ (၂) တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ (၄) မီတာ ၂၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁) လေ့ကျင့်ရေးကွင်း၌ အမျိုးသား၊ အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ (၃) သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၃ ရက်နှင့် ၄ ရက် ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။









၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး အောက်တိုဘာ ၃ ရက်နှင့်၄ ရက်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး ကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း နှစ်ယောက်တွဲ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ၊ အသက် ၂၅ နှစ်အောက် သုံးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲများကိုလည်းကောင်း၊ ၅၆ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့်အလွတ်တန်းပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ဇေယျာသီရိအမှတ်(၁)လေ့ကျင့်ရေးကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိ၊စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)






၂၀၂၆ ခုနှစ်
တပ်မတော် (ကြည်း၊ ရေ၊ လေ)
အားကစားပြိုင်ပွဲများ
ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို
တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် ငွေတောင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။



# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်





နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများက မြစ်ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းဆောင်ရွက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်- လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင်မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသောမြေကြီးများကို ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့သည် သဘာဝဘေးဒဏ်ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန်ကျေးရွာ၌ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ပတ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညွင်း၊ ညွင်းမှော်၊ ပြင်းထိန်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် နေအိမ်များအတွင်း ဝင်ရောက်နေသော ရွှံ့မြေများဖယ်ရှားရှင်းလင်းပေးခြင်း၊ နေအိမ်နှင့် လမ်းများပေါ်ရှိ ပြိုကျနေသောသစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကဒက်ငယ်ထိန်ကျေးရွာ လမ်းမပေါ်ရှိ လမ်းပေါ်ပြိုကျနေသော မြေကြီးများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများကို မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသော အမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောက်နီမော်ကျေးရွာတွင် ယန္တရားများဖြင့် ကျေးရွာအတွင်းနှင့်လမ်းပေါ်ရှိ မြေကြီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်နှင့် စာသင်ကျောင်းတို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့်နုန်းမြေနှင့်အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့်ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း၊ ယနေ့တွင် ကျုံပျော်မြို့နယ်၌လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၉ လက်မခန့်နှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေ ၁ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ နုန်းများ၊အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းဆောင်ရွက်စဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကိုလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်–

“ဒီကိုလာရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေ စာတွေ့လက်တွေ့ ပြီးတော့ ဒီခမ်းနားထည်ဝါတဲ့ မြန်မာ့တပ်မတော်ရဲ့ နောက်ခံသမိုင်းကြောင်းတွေကို ပြသချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ကျောင်းတွင်းမှာတော့ ကျွန်မတို့က စာတွေ့ကို လေ့လာရပါတယ်။ အခု ကျောင်းပြင်ပကို လာလေ့လာရတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိလူကြီးမင်းများကိုလဲ ကျေးဇူးအထူးတင်ပါတယ်။ ကလေးတွေအတွက် ဒေသန္တရဗဟုသုတလဲရရှိသလို၊ သူတို့အတွက် ခမ်းနားထည်ဝါတဲ့ မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းကို သေသေချာချာ မျက်မြင်ကိုယ်တွေ့တွေ့လဲ တွေ့ရတယ်။ ဒီက တာဝန်ရှိပုဂ္ဂိုလ်တွေကလဲ ရှင်းပြတာဖြစ်တဲ့အတွက် သူတို့အတွက် အများကြီးအထောက်အကူပြုပါတယ်။ သူတို့ရဲ့ သင်ကြားရေးနဲ့ ပတ်သက်ပြီးတော့လဲ အများကြီးအထောက်အကူပြုပါတယ်။ လေတပ်၊ ရေတပ်၊ ကြည်းတပ်ရဲ့ Outdoor အပိုင်းတွေ အကုန်လေ့လာပြီးပါပြီ။ အခု Indoor အပိုင်းကိုလဲ ဆက်သွယ်ရေးစက်ကိရိယာအစရှိတာတွေကအစ အကုန်လုံးပေါ့ ကြည်းတပ်ရော၊ ရေတပ်ရော၊ လေတပ်ရော လက်တွေ့ထဲထဲဝင်ဝင် လေ့လာပြီးပါပြီ။ ပြီးတော့ တာဝန်ရှိလူကြီးတွေက ရှင်းပြတာတွေကိုလဲ ကလေးတွေ သေချာနားထောင်ပြီးတော့ သေချာလဲမှတ်သားပါတယ်။ မြန်မာ့တပ်မတော်သမိုင်းကြောင်းနဲ့ ပတ်သက်တဲ့ ရုပ်ရှင်တွေကိုလဲ ကျွန်မတို့ ကြည့်ပြီးပါပြီ။ ကလေးတွေဟာ စာတွေ့ထက် လက်တွေ့မှာ ပိုပြီးတော့မှ စိတ်ပါဝင်စားမှုရှိတာကိုလဲ တွေ့ရပါတယ်။ အဲ့ဒီတော့ စာထဲမှာပဲ အမြဲတမ်း ငြီးငွေ့နေတာထက်စာလို့ရှိရင် အခုလို လေ့လာရေးခရီးမျိုးတွေကိုများများ စီစဉ်ပေးတဲ့အတွက် သူတို့အတွက် စာသင်ခန်းထဲမှာ မွန်းကျပ်ပြီးပိတ်လှောင်တဲ့ ခံစားမှုထက် အပြင်လောကရဲ့ လွတ်လပ်တဲ့ခံစားမှုတွေ၊ ပြီးတော့ စည်းစည်းလုံးလုံးနဲ့ ခရီးထွက်ရတဲ့ ခံစားမှုလေးတွေ၊ ပြီးလို့ရှိရင် လက်တွေ့ကိုယ်တိုင်ကိုယ်ကျလေ့လာရတဲ့ သမိုင်းကြောင်းတွေအကုန်လုံးကို အခုလိုမျိုး သွားလာပြီးတော့မှ လှုပ်ရှားပြီး ကိုယ်တိုင်လေ့လာခွင့်ရတဲ့အတွက် ပိုပြီးတော့ အထောက်အကူပြုပါတယ်။ ဒါကြောင့် များများစီစဉ်ပေးစေချင်ပါတယ်။ ကျွန်မတို့ရဲ့ သင်ကြားရေးပိုင်းဆိုင်ရာမှာဆိုရင် မြန်မာစာမှာဆိုလဲ စာစီစာကုံးရေးတာတွေကအစ အချက်အလက်တွေ အကုန်မှတ်သားပြီးတော့မှ ပင်လုံစာချုပ်ဖြစ်ပေါ်ခဲ့ပုံတွေရော၊ ပြည်ထောင်စုနေ့အတွက်တွေရော၊ လွတ်လပ်ရေးနေ့အတွက်တွေရော ကျွန်မတို့ရဲ့ မြန်မာ့တပ်မတော်သည် အသက်ရှိစည်းရိုးတွေက အများကြီး ကျွန်မတို့ရဲ့ သင်ခန်းစာထဲမှာ အများကြီးပါပါတယ်။ သူတို့နဲ့ သက်ဆိုင်တဲ့ ကိစ္စတွေရေးသားတဲ့ ကိစ္စအပိုင်းတွေရော မြန်မာတွေရဲ့အမျိုးချစ်စိတ်အထိပါ ကျွန်မတို့ကသွားပါတယ်။ ကျွန်မတို့ အခုသင်ကြားနေတဲ့ 5C နဲ့ ဆက်စပ်ပြီးတော့လည်း လေ့လာရေးတွေလာတဲ့အတွက် အများကြီး အထောက်အကူဖြစ်ပါတယ်”ဟု ပြောသည်။

“ကျွန်တော်တို့ ဒီနေ့မှာဆိုလို့ရှိရင်တော့ နေပြည်တော်မှာရှိတဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့မှ ပြင်ပခရီးအနေနဲ့ လာရောက်လေ့လာခဲ့ကြတာဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ဆိုလို့ရှိရင်တော့ အတွင်းပြကွက် အပြင်ပြကွက်တွေ





အားလုံးပေါင်းပြီးတော့မှ ကြည်း၊ ရေ၊ လေ ပြကွက်များကို အဓိကအနေနဲ့ သုံးခုပိုင်းခြားထားပါတယ်။ ကျွန်တော်တို့ ပြကွက်တွေထဲမှာဆိုလို့ရှိရင်လဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တပ်မတော်အစဉ်အဆက်ဖြစ်ပေါ်လာပုံတွေ၊ ထင်ရှားတဲ့ တိုက်ပွဲတွေ၊ တိုက်ပွဲတွေမှာ အသုံးပြုခဲ့တဲ့ လက်နက်တွေနဲ့ ကျွန်တော်တို့ တိုက်ပွဲမှာ ပါဝင်ခဲ့တဲ့ လူတွေရဲ့အကြောင်းတွေကို နှံ့နှံ့စပ်စပ် ရှင်းလင်းပြသထားပါတယ်။ တပ်မတော်ရဲ့ သမိုင်းကြောင်းတွေအားလုံးကို ကျွန်တော်တို့ မသိနားမလည်တဲ့ အရာတွေ အားလုံးကိုလဲ ကျွန်တော်တို့ မေးမြန်းပြီးတော့ တိတိကျကျစုံလင်စွာ သိရှိခဲ့ရပါတယ်ဗျာ။ ကျွန်တော်တို့ အခုလိုမျိုး ပြင်ပခရီးစဉ်တွေကို ကျောင်းစာတွေကနေ လွတ်ပြီးတော့မှ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ စိတ်လဲ ရွှင်လန်းတယ်၊ ကျွန်တော်တို့ရဲ့ တင်းကျပ်နေတဲ့ စိတ်တွေလဲလျော့တဲ့အပြင် ကျွန်တော်တို့ ကျောင်းစာဘက်ကနေ တစ်ဖက်တစ်လမ်းအနေနဲ့ ကျွန်တော်တို့ သမိုင်းကြောင်းတွေသိရှိရတယ်။ ကျွန်တော်တို့ လက်တွေ့ဘဝမှာလဲ ပြန်လည်အသုံးပြုနိုင်မယ့် အသိပညာတွေလဲရရှိစေပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေဆိုတာက နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ ပြီးတော့မှ ထောက်ကူပြုရမယ့် လူတွေဖြစ်တဲ့အတွက် ကျောင်းစာမှာတော်နေရုံတင်မကဘဲနဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံအပေါ်မှာ မျိုးချစ်စိတ်တွေ၊ ကျွန်တော်တို့ နိုင်ငံရဲ့ သမိုင်းကြောင်းကို သိရှိရမယ့် စိတ်တွေလဲရှိသင့်တယ်။ ပြီးတော့ ဒါ့ပြင် ကျွန်တော်တို့ မြန်မာနိုင်ငံကြီးအတွက် ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် ကျွန်တော်တို့ ကျောင်းသားတွေဆိုတာ တစ်ချိန်ချိန်မှာ တစ်ထောင့်တစ်နေရာက ပါဝင်ပြီးတော့ ဆောင်ရွက်မယ့်လူတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံသမိုင်းကြောင်း အသိပညာတွေကိုလဲ ရရှိရတယ်။ ဒါပြီးတော့ ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့က ကြိုးစားရမယ်။ ကျွန်တော်တို့ ပါဝင်ပြီးတော့မှ တာဝန်တွေကို ထမ်းရွက်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေကိုလဲ ပေါက်ဖွားစေတဲ့အတွက် အခုလိုမျိုးခရီးစဉ် စီစဉ်ပေးတဲ့အတွက် တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြီးတော့ ဒီမှာ ရှင်းလင်းပြောပြပေးတဲ့ ကျွန်တော်တို့ တာဝန်ရှိ ပုဂ္ဂိုလ်တွေအားလုံးကိုလဲ ကျေးဇူးတင်မိပါတယ်။ ဒါ့ပြင် ဒီလိုမျိုး ခရီးစဉ်တွေပို့ပေးခြင်းဟာ ကျွန်တော်တို့ ကျောင်းသားတွေအတွက် အသိပညာတွေရော စိတ်လက်ပေါ့ပါးမှုတွေပါ ရရှိစေတဲ့အတွက် ဆက်လက်ပို့ဆောင်ပေးဖို့ကိုလဲ အကြံပြုချင်ပါတယ်”ဟု ပြောသည်။ (၅၀၁)




၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့








# ဌာနဆိုင်ရာအဆောက်အအုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြား



**ဖလမ်း အောက်တိုဘာ ၅**

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဆောင်ရွက်နေသည့် ဌာနဆိုင်ရာအဆောက်အအုံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးဆောင်ရွက်ကြရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ယနေ့တွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ဖလမ်းမြို့နယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေသခံကုမ္ပဏီများနှင့် တွေ့ဆုံစဉ်မှာကြားသည်။

ထို့ပြင် လုပ်ငန်းများကို စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အချိန်မီ ပြီးစီးစေရေးအတွက် သက်ဆိုင်ရာဌာန များက ကြပ်မတ်ဆောင်ရွက်ရန်၊ လုပ်ငန်း များအမြန်ပြီးစီးပါက ဝန်ဆောင်မှု လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ပြီး ဒေသခံပြည်သူများအတွက် အကျိုးပြုနိုင် မည်ဖြစ်၍ စေတနာထားဆောင်ရွက်သွား ရန်၊ အဆောက်အအုံ ပြုပြင်တည်ဆောက် မှုများအပြင် ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးကို တစ်ပါတည်းဆောင် ရွက်ကြရန် ပြောကြားသည်။

ထို့အတူ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ် ရေးဝန်ကြီးက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒေသခံကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြမှုအပေါ် ဒုတိယဝန်ကြီးနှင့် ပြည်နယ် ဝန်ကြီးတို့က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ဖလမ်းမြို့ပြည်သူ့ ဆေးရုံကြီး ယာယီဆေးရုံရှိ ပြင်ပလူနာ ဌာနတွင် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးသည်။

ထိုမှတစ်ဆင့် ဖလမ်းမြို့နယ် လမ်းဦးစီး ဌာန ဦးစီးအရာရှိ(မြို့ပြ) ရုံးအဆောက် အအုံနှင့် ဝန်ထမ်းနေအိမ်ပြုပြင်နေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဖလမ်းခရိုင် ဦးစီးမှူးရုံး အဆောက်အအုံပြုပြင်နေမှု၊ မြို့နယ်ဦးစီး မှူးရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှု၊ ဖလမ်းခရိုင် စာရင်းစစ်ရုံး အဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာ ပြုပြင် နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ရုံးသုံး ပရိဘောဂများ စနစ်တကျနေရာချထား ရေး၊ လုပ်ငန်းခွင်နှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေပေးဝေ ရေးစနစ်များ စနစ်တကျရှိစေရေး အလေး ထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

---

**◆ လှေလှော်အသင်းပြန်လည်ရောက်ရှိမှု**

စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသည့် အမျိုးသား အလွတ်တန်း ရှစ်တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ စပိန်အသင်းက ဒုတိယ၊ မြန်မာ အသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ၁၀ တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရုရှား အသင်းက ပထမ၊ ဟန်ဂေရီအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယဆုကို လည်းကောင်း၊ အမျိုးသား အလွတ်တန်း ၁၀ တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ယူကရိန်း အသင်းက တတိယဆု ကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ၁၀ တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ဟန်ဂေရီအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ စပိန်အသင်းက တတိယဆုကိုလည်းကောင်း ဆွတ်ခူး ခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်ထိ တရုတ်နိုင်ငံ ယွမ်လင်မြို့၌ အပြည်ပြည်ဆိုင်ရာ ကနူး လှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် အာရှအဆင့်အင်အားကြီး နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် ပြိုင်ပွဲဝင်နိုင်ငံ ၂၄ နိုင်ငံ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာ့လက်ရွေး စင်လှေလှော်အသင်းသည် ငွေ သုံးခု၊ ကြေးနှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးထားပြီး ယခု တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့်(World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲတွင်လည်း ငွေ နှစ်ခု၊ ကြေးနှစ်ခုတို့ကို ထပ်မံဆွတ်ခူးခဲ့သည့် အတွက် မြန်မာ့လက်ရွေးစင် လှေလှော် အသင်းသည် စုစုပေါင်း ငွေ ငါးခု၊ ကြေး လေးခုဖြင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ် များစွာကို ရယူပေးခဲ့သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်၊နည်းပြနှင့် အားကစားသမား စုစုပေါင်း ၂၁ ဦး တို့ သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိ လာရာ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ နိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူ များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများက ဂုဏ်ပြု ကြိုဆိုခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



**❍ ပြန်လည်ဖွင့်လှစ်မှု**

ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကလိုရင်း သုံးကြိမ် ခတ်ထားပြီးသော ရေထွက်ပင်ရင်းများမှ ကောက်ယူထားသော ရေနမူနာများ၏ ကလိုရင်းအကြွင်း စစ်ဆေးခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

လေးမျက်နှာမြို့နယ်တွင် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုကို ယမန်နေ့က ကျန်းမာ ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာရဲမြင့်နှင့်အဖွဲ့သည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ ဆေးရုံရှိ ဆေးစတိုတွင် အရေးပေါ်နှင့် အခြေခံဆေးဝါးများ အလုံအလောက် ပြန်လည်ဖြည့်တင်းထားရှိရေး၊ အရေးပေါ် ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်မှန်ခန်း များ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး နှင့် လတ်တလောပြုပြင်နေစဉ်အတွင်း အရေးပေါ်ခွဲစိတ်လူနာများကို အချိန်နှင့် တစ်ပြေးညီ လွှဲပြောင်းပေးနိုင်ရေး လူနာ တင်ယာဉ်များ စီစဉ်ပေးခဲ့ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

**❒ အသိပေးကြေညာမှု**

ချေးငွေထပ်မံထုတ်ချေးသွားမည်ဖြစ်ပါသည်။ သီးထပ်စိုက်ပျိုးရေးချေးငွေ ထုတ်ချေး ရာတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ချက်ကြံ စသည့် အဓိကသီးနှံ ၁၀ မျိုးကို အဓိကထား၍ထုတ်ချေး သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးသည့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ထုတ်ချေးသွားမည်ဖြစ် ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် ဆောင်းရာသီတွင်သီးထပ်စိုက်ပျိုးမည့် တောင်သူဦးကြီး များအနေဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်၊ မြို့နယ်ဘဏ်ခွဲ များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

**❖ အာရှအားကစားပြိုင်ပွဲမှ**

အားကစားသမားများအပါအဝင် မြန်မာ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစား သမားများ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ အာရှအားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အာရှနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ စုပေါင်းချီတက်ခြင်း၊ ဂျပန်နိုင်ငံ ရိုးရာ အမွေအနှစ်၊ ယဉ်ကျေးမှုအကအလှများ ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ အာရှအားကစားပြိုင်ပွဲဝင် အသင်းများကို အမှတ်တရနှုတ်ဆက်ခြင်း၊ အာရှ အားကစားပြိုင်ပွဲအလံနှင့် မီးရှူးတိုင်ကို ၂၀၃၀ ပြည့်နှစ်တွင် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် ကာတာနိုင်ငံသို့ လွှဲပြောင်း ပေးအပ်ခြင်းများဆောင်ရွက်ပြီး အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ် တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပခဲ့သည့် ၁၈ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေး တစ်ခု၊ ဝူရှူးအားကစားနည်းမှ ကြေး တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉ ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေ တစ်ခု၊ လှေလှော် အားကစားနည်းမှ ကြေး နှစ်ခုတို့ကိုသာ ဆွတ်ခူးခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဂျပန် နိုင်ငံမြို့များ၌ကျင်းပခဲ့သည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲ အမျိုးအစားအဖြစ် အားကစားနည်း ၄၃ နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ဂ်ဘော၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား၊ ဘောလုံး(အမျိုးသမီး)စသည့် အားကစားနည်း ငါးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တက်ဂ်ဘော အားကစားနည်းမှ ရွှေတစ်ခု၊ ငွေ တစ်ခု၊ ကြေးတစ်ခု၊ Esports အားကစားနည်းမှ ရွှေတစ်ခု၊ ပိုက်ကျော်ခြင်းအားကစား နည်းမှ ကြေးတစ်ခုတို့ကို မြန်မာနိုင်ငံ အတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူး ပေးနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် အဆင့်(၂၄)တွင် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင် ပေးနိုင်ခဲ့ကြောင်းနှင့် မြန်မာအားကစား အဖွဲ့သည် ယခင်အာရှအားကစားပြိုင်ပွဲ များတွင် ရရှိခဲ့သည့်ဆုတံဆိပ်များထက် သာလွန်၍ အောင်မြင်မှုများပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁၀ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁၀ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ လယ်ဝေးမြို့နယ် တောင်စဉ်အေးရွာအနီးတွင် ဘိုသက်နိုင် ခေါ် ကိုရင်ကုလား မောင်းနှင်ပြီး စိုးနိုင်နှင့် သိန်းဌေးဦး ခေါ် စာကလေး တို့လိုက်ပါလာသည့် HINO ၁၂ ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ငါးသန်းကျော် (ၚင်းဒေသတန်ဖိုး ငွေကျပ် ၇ ဒသမ ၅ ဘီလီယံကျော်)နှင့် ဘိန်းညိုမှုန့် ၂၉၅ ကီလို (ၚင်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၆၅၅ ဘီလီယံ)ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၁၅၅ ဘီလီယံကျော်ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မှ ရန်ကုန်သို့ သယ်ဆောင်ရန် အဓိကစီမံခန့်ခွဲသူမှာ လားရှိုးမြို့နေ အောင်သူထွန်း (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




ဘိုသက်နိုင် ခေါ် ကိုရင်ကုလား၊ သိန်းဌေးဦး ခေါ် စာကလေး၊ စိုးနိုင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများ၊ ဘိန်းညိုမှုန့်များနှင့်အတူ တွေ့ရစဉ်။

---

**● ဖမ်းဆီးရမိမှု**

ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့် အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။




ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။

ဟိုပုံးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သူများသည် ယာယီလူနေတဲများဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

သတင်းကွင်းဆက်ရယူ ဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၇ နာရီခန့်တွင် ဟိုပုံးမြို့နယ် မိုင်းပွန်မြို့၏အနောက်တောင်ဘက် ၂၁ ကီလိုမီတာခန့်အကွာ နားလုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၇၅ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦး စုစုပေါင်း ၈၇ ဦးတို့ကို အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ လူနေဆောင်နှင့် အလုပ်ရုံတွဲလျက် ယာယီမိုးကာတဲ နှစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ စားချက်ဆောင် ယာယီမိုးကာတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ဆောက်လုပ်ဆဲ ယာယီမိုးကာတဲ တစ်လုံး၊ Star Link လေးစုံ၊ All in One Computer ၁၇ လုံး၊ Laptop နှစ်လုံး၊ ဖုန်းမျိုးစုံ ၅၂၄ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင် ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ''Victoria Kyaw Naing'' Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်နေ အောင်ခင်ဆင့် ခေါ် ကျော်နိုင်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တာမွေမြို့မရဲစခန်းက တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## ၅-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၅ ~ ၃၆၆၉ | ၅၁၇ ~ ၅၁၇.၉ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၃၀၂,၉၅၆.၁၄ | ၇,၆၉၄,၄၅၃.၂၀ | ၃၁,၅၈၄,၆၆၇.၆၀ | |

## ထူးခြားသည့် နေ့အပူချိန်များ (၅-၁၀-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟင်္သာတ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဖျာပုံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်)သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်း – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်း – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

**"ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ"**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ်(I)၊ ဦးပိုင်အမှတ်(၁၃၅)ရှိ ဦးမောင်နိုး(၉/မခန(နိုင်)၁၅၃၂၆၂)ကိုင်ဆောင်သူမှ အလျား ၂၀'-၀"၊ အနံ ၁၇'-၀" အိမ် (၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ် G(16)ရှိ ဦးဝင်းအောင်၊ ဒေါ်တင်တင်ဝင်း (၈/မမန(နိုင်)၁၈၉၄၁၆)ကိုင်ဆောင်သူမှ အလျား(၂၀'-၀")၊ အနံ(၁၅'-၀")အိမ် (၁)ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အလုံ၊ စစ်ပင်ရပ်နေ မထက်ထက် (ဘ) ဦးသိန်းထွန်း(၅/မရန(နိုင်)၁၅၄၄၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-523296)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-789967637

## ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မြဇေယျာရပ်ကွက်နေ ဂျာတောင် (ဘ) ဦးဇော်မော်(၁/မညန(နိုင်)၁၉၈၄၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-179666)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-457647630

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို လိုအပ်သည်များလမ်းညွှန်မှာကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☆



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်စဉ်။

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် စာမျက်နှာ ၂၄ ကော်လံ ၁ ✱

## ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲများတွင် ငွေ ငါးခုနှင့် ကြေးလေးခု ဆွတ်ခူးခဲ့သည့် မြန်မာ့လက်ရွေးစင်လှေလှော်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၅

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်ထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပပြီးစီးခဲ့သည့် (World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်လှေလှော် အားကစားအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စာမျက်နှာ ၂၇ ကော်လံ ၁ ◆

## အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ဂျပန်နိုင်ငံ Nagoya City Mizuho Park Athletics Stadium (Ploma Mizuho Stadium)၌ ကျင်းပခဲ့သည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲပိတ်ပွဲကို ယမန်နေ့ညနေ ၆ နာရီတွင် ကျင်းပရာ အာရှနိုင်ငံများမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် စာမျက်နှာ ၂၇ ကော်လံ ၁ ❖



## ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ ၈၇ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



နေပြည်တော် အောက်တိုဘာ ၅

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများကို စာမျက်နှာ ၂၈ ကော်လံ ၁ ●